# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့။ Sunday, 13 October 2024 ၁၁၆၀၉


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေပိုင်းတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။


ယနေ့ ဖတ်စရာ

**နိုင်ငံရေးပြဿနာကို စစ်ရေးပရိယာယ်ဖြင့် ဖြေရှင်းသည့် ကမ္ဘာ့အဖျက်လုပ်ရပ်များ** ဆောင်းပါး စာမျက်နှာ » ၆

**မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ငွေရတုချိန်ခါမင်္ဂလာ** ဆောင်းပါး စာမျက်နှာ » ၁၀

**မြစ်ဝကျွန်းပေါ်ဒေသတွင် မဲခေါင်-လန်ချန်းနိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း မိတ်ဆက်ပွဲကျင်းပ** စာမျက်နှာ » ၅



**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ( ၁၃ )ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

ကြေးမုံ

# အပြုသဘောဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးရလဒ်များဆောင်ကြဉ်း

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မကြာသေးမီက ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၇)ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံအပေါ် ဝေဖန်ပြစ်တင်သည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား (IIMM) ၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင်လည်းကောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးပွဲကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင်လည်းကောင်း သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ ပြုလုပ်ခဲ့သည်။

လူ့အခွင့်အရေးကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံအပေါ်ဦးတည်သည့် ယန္တရားများ၏ အစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးပွဲစုစုပေါင်း (၆)ကြိမ်ပြုလုပ်ခဲ့ရာ ယင်းဆောင်ရွက်ချက်များသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို မည်သို့မျှအကျိုးမပြုသည့်အပြင် နိုင်ငံများအားလုံးကို ကိုယ်စားပြုသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ တန်ဖိုးရှိသောအချိန်များနှင့် အရင်းအမြစ်များကို အကျိုးမဲ့အလဟဿအဖြစ် ကုန်ဆုံးမှုဖြစ်စေခဲ့သည်။ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံများအကြား တူညီဆန္ဒဖြင့် အတည်ပြုချမှတ်ထားခြင်းမရှိသည့်အပြင် နိုင်ငံတစ်နိုင်ငံတည်းအပေါ်ဦးတည်လျက် နိုင်ငံရေးသွတ်သွင်းထားသော ဆုံးဖြတ်ချက်အဆိုမှ ဆင်းသက်လာသည့် IIMM ယန္တရားအား မူလကတည်းကပင် မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်မပြုခဲ့ပေ။

လူ့အခွင့်အရေးကောင်စီ အစည်းအဝေးကာလအတွင်း ဆွေးနွေးခဲ့သည့် IIMM ၏ အစီရင်ခံစာသည် တိကျခိုင်မာမှုမရှိသော အရင်းအမြစ်များအပေါ် အခြေခံ၍ ကောက်ချက်ချထားသည်ကို တွေ့ရသည်။ ထို့အပြင် အဆိုပါယန္တရားသည် သက်တမ်းအကန့်အသတ်မရှိခြင်း၊ စိစစ်ကြပ်မတ်မှုမရှိခြင်း၊ ကုလသမဂ္ဂမှ ခွဲဝေချထားပေးသော ငွေကြေးအပြင် ပြင်ပမှရရှိသော ရန်ပုံငွေများအပေါ် မှီခိုခြင်းတို့ကြောင့် ၎င်းကောင်စီ၏ အမိုးအခိုကင်းမှု၊ ဘက်မလိုက်မှုနှင့် ဓမ္မဓိဋ္ဌာန်ကျမှုတို့မှာ မေးခွန်းထုတ်စရာဖြစ်နေသလို ဝေဖန်ပြစ်တင်မှုများမှာလည်း ရေရာသေချာခိုင်မာမှုမရှိသောကြောင့် မည်သို့မျှ အသိအမှတ်မပြု လက်မခံခဲ့ခြင်းဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာတွင် အတည်မပြုနိုင်သော အချက်အလက်များနှင့် အထင်အမြင်လွဲမှားစေသည့်အချက်များကို အခြေခံသည့် စွပ်စွဲချက်များပါဝင်နေသဖြင့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အသိုက်အဝန်းအကြားတွင်လည်း အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ်စေသည်။ အစီရင်ခံစာတွင် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စိတ်ကျန်းမာရေးဆိုင်ရာ ပြစ်တင်စွပ်စွဲချက်များ ပါဝင်သည်။ စွပ်စွဲချက်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သည် ၂၀၂၃ ခုနှစ်မှစ၍ အကျဉ်းထောင်များသို့ သွားရောက်ကာ အကျဉ်းထောင်များ၏ အခြေအနေနှင့် အကျဉ်းသားများထားရှိမှု အခြေအနေများကို စစ်ဆေးအကြံပြုလျက်ရှိသည်။ စိတ်ကျန်းမာရေးပြဿနာများကို ဖြေရှင်းရန်အတွက် စိတ်ကျန်းမာရေးမူဝါဒနှင့် မဟာဗျူဟာစီမံချက်(၂၀၂၃-၂၀၂၄) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၏ အစီရင်ခံစာသည် မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များကို စိစစ်အတည်ပြုခြင်းမရှိသည့်အပြင် အစိုးရက တရားဝင်ထုတ်ပြန်ထားသည့် အချက်အလက်များအား ချန်လှပ်ထားသည်ကို တွေ့ရသည်။ အထူးသဖြင့် အစီရင်ခံစာတွင် PDF များနှင့် လက်နက်ကိုင်အဖွဲ့များ၊ AA ၏ အကြမ်းဖက်မှုများကို လျှော့ပေါ့ဖော်ပြထားပြီး ထိတွေ့မှုဆိုင်ရာ စည်းမျဉ်းများနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်သော တပ်မတော်၏ တန်ပြန်တုံ့ပြန် ဆောင်ရွက်မှုများကိုမူ တစ်ဖက်စောင်းနင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ကုလသမဂ္ဂက ချမှတ်ထားသည့်မူဝါဒများနှင့်အညီ အကြမ်းဖက်မှုများကို လုပ်ဆောင်နေသည့် အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကို အားပေးခြင်းမပြုရန်နှင့် အစိုးရ၏ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုတားဆီးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုက်အဝန်းကိုပင် ပြန်လည်တိုက်တွန်းချင်ပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လူမျိုး၊ ဘာသာ၊ အရောင်အသွေးမခွဲခြားဘဲ အမှန်တကယ်လိုအပ်နေသူများအတွက် ဖြန့်ဝေပေးနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးဆောင်ရွက်ပေးနိုင်သည့်ဒေသများအားလုံးတွင် ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ခွင့်ပြုပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့်ပတ်သက်၍ သိသာထင်ရှားသော တိုးတက်မှုများကို ရရှိနေပြီဖြစ်သဖြင့် အက်ကြောင်းထပ်နေသော ပုံစံတူယန္တရားများဖြင့် မြန်မာနိုင်ငံအပေါ် ပြစ်တင်ဝေဖန်မှုများကိုရပ်ဆိုင်းပြီး အပြုသဘောဆောင်သော ဆောင်ရွက်ချက်များဖြင့် ကောင်းကျိုးရလဒ်များကို ဆောင်ကြဉ်းပေးနိုင်ရန် တိုက်တွန်းအပ်ပါကြောင်း။ ။

---

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့"**

"Empowering the next generation for a resilient future"

**အောက်တိုဘာလ (၁၃) ရက်**

---

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ)တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသို့ သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ချေးငွေများထုတ်ချေးပေးလျက်ရှိပါသည်။

၂။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသော ချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များ ချေးငွေရယူမှု ပိုမိုအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်အပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်တွင်လည်း ချေးငွေများ လျှောက်ထားနိုင်ပြီ ဖြစ်ပါသည်-

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊
(ခ) ကမ္ဘောဇရတနာဘဏ်လီမိတက်၊
(ဂ) ရွှေ(ကျေးလက်နှင့်မြို့ပြ) ဖွံ့ဖြိုးတိုးတက်ရေးဘဏ်လီမိတက်၊
(ဃ) ပထမပုဂ္ဂလိကဘဏ်လီမိတက်၊
(င) ကမ္ဘောဇဘဏ်လီမိတက်၊
(စ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊
(ဆ) မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်၊
(ဇ) မြန်မာ့ခရီးသွားဘဏ်လီမိတက်၊
(ဈ) မြန်မာနိုင်ငံသားများဘဏ်လီမိတက်၊
(ည) သမဝါယမဘဏ်လီမိတက်၊
(ဋ) မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊
(ဌ) မြန်မာမက်ထရိုဘဏ်လီမိတက်၊
(ဍ) ဧရာဝတီဘဏ်လီမိတက်၊
(ဎ) သတ္တုဖွံ့ဖြိုးရေးဘဏ်၊
(ဏ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်၊
(တ) ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေလျှောက်ထားရာတွင် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပြီး နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

---

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---


ကြေးမုံ

| | | | |
|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

## ✪ ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်

✪ ရွှေဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည်နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ လဟာပြင်ဇာတ်ရုံ၊ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တို့၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဖွင့်ပွဲအခမ်းအနား အစီအစဉ်အတိုင်း လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ ပြည်ထောင်စုတိုင်းရင်းသားတို့၏ ရိုးရာသံစုံတေးဂီတအဖွဲ့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**နှုတ်ဆက်အားပေးစကားပြောကြား**

ထို့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ အုပ်ချုပ်မှုအဖွဲ့များနှင့် အုပ်ထိန်းသူမိဘများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များ၊ စားသောက်ဆိုင်များနှင့် လူသုံးကုန်အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေမှု၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အကဲဖြတ်ဒိုင်အဖွဲ့ ဝါရင့်အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင်အဖွဲ့သူ အဖွဲ့သားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆိုပြိုင်ပွဲ(မဟာဂီတ၊ ကာလပေါ်၊ အမျိုးဂုဏ်မြှင့်တင်ရေး တေးသီချင်း)၊ အကပြိုင်ပွဲ(တိုင်းရင်းသားတို့၏ ရိုးရာတူရိယာတိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာအက၊ ကဗျာလွတ် ချင်းတိုင်းရင်းသားရိုးရာအက၊ ရုပ်သေးကြိုးဆွဲ)၊ အတီးပြိုင်ပွဲ(စန္ဒရား၊ ဂီတာ၊ ဒုံမင်း၊ မယ်ဒလင်)တို့ကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌လည်းကောင်း၊ အရေးပြိုင်ပွဲ၊ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ လည်းကောင်း၊ အတီးပြိုင်ပွဲ(ဒိုးပတ်၊ အိုးစည်၊ တယော)၊ ကွက်စိပ်ပြိုင်ပွဲတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ လည်းကောင်း၊ အတီးပြိုင်ပွဲ (ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်၊ ဆိုင်းတစ်ဦးချင်း)တို့ကို အမျိုးသားစာကြည့်တိုက်၌ လည်းကောင်း၊ အတီးပြိုင်ပွဲ(စောင်း၊ နှဲ၊ ပလွေ၊ ပတ္တလား)တို့ကို အမျိုးသားပြတိုက်၌ လည်းကောင်း၊ ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီရှိ လဟာပြင်ဇာတ်ရုံ၌ လည်းကောင်း အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် စုစုပေါင်းဦးရေ ၂၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာ အမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊ မျိုးဆက်သစ် လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက်(၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များသို့ သွားရောက်ကြည့်ရှုအားပေး၍ အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည် ယနေ့ နံနက်ပိုင်းတွင် မှော်ဘီမြို့နယ်ရှိ မော်ပီဆရာသိန်းစာကြည့်တိုက်၊ တိုက်ကြီးမြို့နယ်ရှိ အင်္ဂလာရပ်ကွက် ပညာ့အလင်းစာကြည့်တိုက်နှင့် ဥက္ကံမြို့ရှိ ကောင်းသန့်စာကြည့်တိုက်တို့သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင် နှင့်အတူ ပဲခူးတိုင်းဒေသကြီး သုံးဆယ်မြို့ရှိ ပီမိုးနင်းစာကြည့်တိုက်သို့ လည်းကောင်း သွားရောက်ကြည့်ရှုအားပေး၍ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့သည် မှော်ဘီမြို့ရှိဆရာကြီးမော်ပီဆရာသိန်းအား ဂုဏ်ပြုသောအားဖြင့် တည်ဆောက်ထားသည့် မော်ပီဆရာသိန်းစာကြည့်တိုက်သို့ရောက်ရှိ၍ မြို့မိမြို့ဖများ၊ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများနှင့်တွေ့ဆုံကာ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများစာပေဖတ်ရှုလေ့လာစေရေး၊ လူငယ်များစာပေဖတ်ရှုလေ့လာ၍ အသိပညာဗဟုသုတတိုးပွားရန် ဆောင်ရွက်ပေးသင့်သည့်အခြေအနေများကို ဆွေးနွေးပြောကြားကာ စာကြည့်တိုက်အတွက် အလှူငွေကျပ်သိန်း ၂၀ နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ မော်ပီဆရာသိန်း စာကြည့်တိုက်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏မတည်ငွေနှင့် မြို့မိမြို့ဖများ၏ ထည့်ဝင်ငွေတို့ဖြင့် ၂၀၁၃ ခုနှစ်တွင် ငွေကျပ် ၃၅၉ သိန်း အကုန်ကျခံ တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် တိုက်ကြီးမြို့နယ် အင်္ဂလာရပ်ကွက်တွင် တည်ဆောက်ထားသည့် ပညာ့အလင်းစာကြည့်တိုက် ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် မြို့မိမြို့ဖများအား ပြည်သူများ အသိပညာမြင့်မားတိုးတက်စေရေးအတွက် နိုင်ငံတစ်ဝန်းလုံးတွင် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်း အသိပညာမြင့်မားတိုးတက်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲက စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူကြောင်း၊ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့် လူနှင့်တူသည်ဟု လမ်းညွှန်ထားသည့်အတွက် ပြည်သူအားလုံး စာပေဖတ်ရှုလေ့လာကြရန် လိုအပ်ကြောင်းနှင့် ယခုစာကြည့်တိုက်ကို ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သုံးဆယ်မြို့ရှိ ပီမိုးနင်းစာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် တိုင်းဒေသကြီးအစိုးရက ကူညီဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ စာကြည့်တိုက်အတွက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အလှူငွေနှင့် စာအုပ်စာစောင်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် တိုက်ကြီးမြို့နယ် ဒေသခံပြည်သူများက အလှူငွေနှင့်စာအုပ်စာစောင်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဥက္ကံမြို့ရှိ ကောင်းသန့်စာကြည့်တိုက်သို့ရောက်ရှိ၍ စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံကာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးရေး၊ ပြည်သူများအကောင်းအဆိုး အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ရေးအတွက် စာပေလေ့လာဖတ်ရှုစေ၍ အသိပညာမြင့်မားအောင် ဆောင်ရွက်ပေးရေးတို့ကို ဆွေးနွေးမှာကြားကာ အလှူငွေ နှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့်အတူ သုံးဆယ်မြို့ ဗိုလ်စိန်မှန်ပန်းခြံအတွင်း ဖွင့်လှစ်ထားသော ဆရာကြီးပီမိုးနင်း စာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ စာကြည့်တိုက်ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများနှင့် စာကြည့်တိုက်လုပ်ငန်းများကိုမေးမြန်းပြီး ဆရာကြီးပီမိုးနင်းစာကြည့်တိုက်အား ကျောင်းသားလူငယ်များ ဝင်ထွက်သွားလာ၍ စာပေလေ့လာဖတ်ရှုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ လူငယ်များအသိပညာ ဗဟုသုတမြင့်မားမှသာ အမှား၊ အမှန်ခွဲခြားဆောင်ရွက်နိုင်မည်ဖြစ်၍ အသိပညာမြင့်မားအောင်ကြိုးပမ်းဆောင်ရွက်ရေး၊ စာကြည့်တိုက်အား ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကူညီဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ဆရာကြီးပီမိုးနင်းသည် သုံးဆယ်မြို့ ရွာမကျေးရွာဇာတိဖြစ်သောကြောင့် ဆရာကြီးပီမိုးနင်း အထိမ်းအမှတ် စာကြည့်တိုက်ကို သုံးဆယ်မြို့ ဗိုလ်စိန်မှန်ပန်းခြံအတွင်း၌ ၂၀၁၅ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာယာဝတီခရိုင်ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက ပြည်သူများ မှန်ကန်သည့် သတင်းအချက်အလက်များ ရရှိစေရေးနှင့် အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် မီဒီယာနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

သတင်းစဉ်



## (၅၁)ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

(၅၁)ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယနေ့တွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက တောင်သူတစ်ဦးချင်းစီ၏ ကုန်ထုတ်စွမ်းအားနှင့် တစ်ဧကချင်းစီ၏ သီးနှံထုတ်လုပ်မှု တိုးတက်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တောင်သူများ၊ ဝန်ထမ်းများပါဝင်သည့် နီးနှောဖလှယ်ပွဲများ ပုံမှန်ကျင်းပပြီး သိသာထင်ရှားသော ပြောင်းလဲတိုးတက်မှုများ ဖော်ဆောင်ပေးနိုင်ရေးအတွက် နည်းပညာပေး ဆွေးနွေးပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များ၊ သုတေသီများက “စိုက်ပျိုးမွေးမြူရေးပေါင်းစည်းစနစ်နှင့် အပင်မျိုးသစ် အကာအကွယ်ပေးရေး” ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးကြကာ ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် ဥပဒေအသိပညာပေး ဟောပြော

နေပြည်တော် အောက်တိုဘာ ၁၂

မွန်ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနတို့ပူးပေါင်း၍ ဥပဒေအသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေတို့နှင့် စပ်လျဉ်း၍ ဥပဒေအသိပညာပေး ဟောပြောပို့ချခဲ့ပြီး ပြည်နယ်ဥပဒေချုပ်က မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရှိ စာကြည့်တိုက်သို့ ဥပဒေစာအုပ်များ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဟောပြောပွဲသို့ မွန်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်နှင့် ဥပဒေအရာရှိများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်အတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း အမှုထမ်း ၄၉ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# မြစ်ဝကျွန်းပေါ်ဒေသတွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းစီမံကိန်း မိတ်ဆက်ပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၂**

မြစ်ဝကျွန်းပေါ်ဒေသတွင် မဲခေါင်-လန်ချန်း နိုင်ငံများအကြား ကျေးရွာအဆင့်ဆင်းရဲမှု လျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အထူးအလေးထား စီမံဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းစေရေး၊ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးထား စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ယခုအကောင်အထည်ဖော်ဆောင်ရွက်မည့် အုန်းပင်စုကျေးရွာစီမံကိန်းလုပ်ငန်းအပါအဝင် စီမံကိန်းလုပ်ငန်း ၁၅ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစံပြစီမံကိန်း၊ ဘက်စုံကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၊ ဆိုလာအသေးစား ဓာတ်အားပေးစနစ်နှင့် ရေပေးရေးလုပ်ငန်းစီမံကိန်းများ၏ အတွေ့အကြုံများ၊ အကျိုးရလဒ်များကို အခြေခံပြီး ယခုစီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန်က မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာလုပ်ငန်းအစီအစဉ်များ၊ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံနှင့်အတူ ဆင်းရဲမှုလျှော့ချရေးကဏ္ဍများတွင် ကူးလူးဖလှယ် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးကိစ္စရပ်များကို လည်းကောင်း၊ တာဝန်ရှိသူများက မဲခေါင်-လန်ချန်း နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း အကျဉ်းချုပ်နှင့် စီမံကိန်းဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ပထမအတွင်းဝန်တို့က မဲခေါင်-လန်ချန်း နိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းစီမံကိန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်မည့် မြေနေရာ၊ Green House စနစ်ဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မည့်နေရာ၊ ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်မည့်နေရာတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့သည့် ငှက်ပျောကျွန်း-ခတ္တိယ ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်ကုန်းမြို့၌ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သည့် စပါးခင်းများအား သွင်းအားစုများ ထည့်သွင်းခြင်းကွင်းသရုပ်ပြပွဲ ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ရာဂီမုန်တိုင်းအရှိန်ဖြင့် ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သည့်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲနှင့် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကံကြီးကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၂၆) ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက ထောက်ပံ့ရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီး အမြန်ရရှိရေး ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး မြေအသုံးချရေးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဝင်းဦးက ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သည့်စပါးခင်းများအား ပြန်လည်ကုစားရန်နှင့် သွင်းအားစုထည့်သွင်းခြင်းနှင့် သတိပြုသင့်သည့် နည်းပညာရပ်ဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ မြေအသုံးချရေးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးဝင်းဦး၊ နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက စပါးစိုက်ခင်း ဧက ၁၀၀ အတွက် မာလာမြိုင်ကုမ္ပဏီက ထောက်ပံ့သည့် ပိုတက်ဓာတ်မြေဩဇာ၊ ကျောက်မှုန့်၊ မှိုသတ်ဆေးနှင့် ပိုးသတ်ဆေးများကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းညွန့်က သွင်းအားစုများ အချိုးကျရောစပ်ပုံ၊ အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် စပါးခင်းများအတွင်း သွင်းအားစုများနှင့် ပိုးသတ်ဆေးဖျန်းပက်ခြင်း ကွင်းသရုပ်ပြမှုများကို နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ညွှန်ကြားရေးမှူး ဦးဝင်းဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

တပ်ကုန်းမြို့နယ်တွင် ရာဂီမုန်တိုင်း အရှိန်ကြောင့် စပါးစိုက်ခင်း ၂၅၂၅ ဧက ရေနစ်မြုပ်ခဲ့ပြီး ၈၆၄၁ ဧက ပြန်လည်ကောင်းမွန်း၍ ဧက ၁၆၆၁၀ ပျက်စီးခဲ့ပြီး ၂၃၂ ဧကအား ပြန်လည်စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**တင်စိုးလွင်**

# ပခုက္ကူမြို့၌ မိသားစုဝင်ငွေတိုးတက်ရေးစီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**ပခုက္ကူ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေ တိုးတက်ရေး စီမံကိန်းလုပ်ငန်းသုံး ပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်စုစုခိုင်က အဖွင့်အမှာစကားပြောကြားပြီး ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်း အမှန်တကယ်ထူထောင်လုပ်ကိုင်မည့် သင်တန်းသူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းကာလအတွင်း တီထွင်ရက်လုပ်ထားသည့် လက်ရက်ကန်းဒီဇိုင်းများနှင့် သင်တန်းသုံးပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂၃ ရက်အထိ အခြေခံသင်တန်းနှင့် စက်တင်ဘာ ၁ ရက်မှ ၁၅ ရက်အထိ မွမ်းမံသင်တန်းတို့ဖြင့် သင်တန်းအမျိုးအစား နှစ်မျိုးခွဲဖွင့်လှစ်၍ လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှု နည်းပညာများကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားပို့ချပေးရာ သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ညောင်လေးပင်အောက်တိုဘာ ၁၂**

လက်ဆွဲ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးထားသော တစ်ကွင်းတစ်ဆက်တည်းဧက ၁၅၀ မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၈နာရီခွဲက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု တောင်သူဒေါ်အေးမာလာ၏ ဆင်းသုခမိုးစပါးစိုက် ဧက ၁၅ ဧက၌ ရိတ်သိမ်းခဲ့ကြသည်။

မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က မိုးစပါး စံကွက်ရိတ်သိမ်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တောင်သူများက စံကွက်များကို စုပေါင်းရိတ်သိမ်းကြသည်။



အဆိုပါစံကွက် ရိတ်သိမ်းပွဲသို့ ညောင်လေးပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးနိုင်၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထက်နှင့် မြို့နယ်စိုက်ပျိုးမွေးမြူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး တစ်ဧကလျှင် ပျမ်းမျှအစိုအထွက်နှုန်း ၁၂၈ တင်း ထွက်ရှိခဲ့ကာ အခြောက် အထွက် ၁၁၆ တင်းနှုန်း ထွက်ရှိ ကြောင်း သိရသည်။

**နေလင်း (ညောင်လေးပင်)**

# နိုင်ငံရေးပြဿနာကို စစ်ရေးပရိယာယ်ဖြင့် ဖြေရှင်းသည့် ကမ္ဘာ့အဖျက်လုပ်ရပ်များ

မြင့်မြတ်

**ယနေ့ကမ္ဘာကြီးတွင် စစ်ရေးတင်းမာမှုများ မြင့်တက်လာနေပြီး WW – III (တတိယကမ္ဘာစစ်) ဟူသော စကားလုံးမှာ ထမင်းစားရေသောက်ဖြစ်လာသည်။ အစ္စရေး–ဂါဇာစစ်ပွဲက ဂါဇာနယ်မြေမှတစ်ဆင့် လက်ဘနွန်နိုင်ငံထဲအထိ စစ်မျက်နှာကျယ်ပြန့်သွားချိန်မှာ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကတည်းက ဖြစ်နေသော ရုရှား – ယူကရိန်း ပဋိပက္ခကလည်း ယခုအချိန်အထိ ပြီးဆုံးဖွယ်လမ်းစမမြင်။ ကမ္ဘာကြီးမှာ အရာရာသည် အပျက်ဘက်ကို ဦးတည်လာနေသလား မြင်နေရသည်။ အရှုံးအနိုင်မပေါ်နိုင်သော ကမ္ဘာ့နေရာအချို့မှ စစ်ပွဲများတွင် အခွန်ထမ်းပြည်သူများ၏ ငွေကြေးစနစ်များကို ဘာကြောင့်သုံးစွဲနေကြပါသလဲ.. နိုင်ငံရေးပြဿနာအပါအဝင် အကျပ်အတည်းပေါင်းစုံကို စစ်ရေးနည်းလမ်းထက် နိုင်ငံရေးနည်းလမ်း၊ သံတမန်နည်းလမ်းများဖြင့် အပြုသဘောဆန်ဆန် ညှိနှိုင်းမဖြေရှင်းသင့်ဘူးလား.. စသည်ဖြင့် စဉ်းစားမိသည်။**

## စစ်ရေးသာ အားသန်သည့်အမေရိကန်

ဦးဆောင်နေရာမှ ကမ္ဘာကြီးကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လိုသော အမေရိကန်၏အရှိန်အဝါက အတိတ်ကကဲ့သို့ စံပြဒီမိုကရေစီမဟုတ်တော့သည်ကို အကဲခတ်မိရာမှ ပါတီနှစ်ခုအကြား နိုင်ငံရေးအကွဲအပြဲနှင့် လူတန်းစားမညီမျှမှုများအကြား ကြွေးမြီပြဿနာဂယက်က ထပ်ဆင့်လိုက်သည့်အခါ ကမ္ဘာ့နိုင်ငံများ၏ပထဝီနိုင်ငံရေး၊ပထဝီစီးပွားရေးအခြေအနေများကိုပါ အပြောင်းအလဲများစွာဖြင့် သက်ရောက်မှုများ ရှိလာနေသည်ကို တွေ့လာရသည်။ နောင်လာမယ့်လအနည်းငယ်အတွင်း စိတ်ဝင်စားစရာ သက်ရောက်လာနိုင်သည့် ဂယက်တစ်ခုက အမေရိကန်နိုင်ငံ၏ ရွေးကောက်ပွဲဖြစ်သည်။

ရွေးကောက်ပွဲရလဒ်က ယနေ့ဖြစ်ပွားနေသော ပဋိပက္ခအတိုးအလျှော့ကို တိုးအောင်၊ လျှော့အောင် လုပ်နိုင်စွမ်းပါသည်။ လက်ရှိဖြစ်နေသော ရုရှား–ယူကရိန်း၊ အစ္စရေး– ဂါဇာ– လက်ဘနွန် စစ်ပွဲများအပေါ်ထားရှိသော အမေရိကန်သမ္မတလောင်းများ၏ မူဝါဒနှင့် ရပ်တည်ချက်များက လက်ရှိစစ်ပွဲများအခြေအနေကို ပြောင်းလဲနိုင်စွမ်းရှိသည်ဟု သင်ယူဆလျှင် လက်ရှိစစ်ပွဲများဖြစ်ပွားရခြင်း အဓိကအကြောင်းရင်းခံ လက်သည်မှာလည်း ဘယ်သူဖြစ်ခဲ့သလဲ အများကြီးစဉ်းစားစရာမလိုဟု ယူဆမိသည်။

ရုရှားနိုင်ငံကို စစ်နွံထဲနစ်စေပြီး အင်အားချည့်နဲ့ သွားစေလိုသည့် အမေရိကန်တို့ ဖန်တီးမှုကြောင့် ရုရှား–ယူကရိန်း ပဋိပက္ခဖြစ်ခဲ့ရသကဲ့သို့ စစ်ပွဲတာရှည်နေခြင်းမှာလည်း ယူကရိန်းကို အမေရိကန်၏ အဆက်မပြတ် ကူညီထောက်ပံ့နေမှုများကြောင့်သာဖြစ်သည်။ ယခုလတ်တလောမှာပင် ဧပြီလကလွှတ်တော်တွင် အတည်ပြုပြီးသား အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ဖိုး စစ်ရေးအကူအညီများကို အမေရိကန်အစိုးရကပေးရန် ပြင်ဆင်နေပြီဖြစ်သည်။ အမေရိကန်၏ယခုနောက်ဆုံးအကူအညီမှာ ယူကရိန်းနှင့် ဇာလန်စကီးကို မလိုလားသည့် ရီပတ်ဘလီကင်တို့နှင့် ဆန့်ကျင်ဘက် ဒီမိုကရက်တစ်တို့၏နိုင်ငံရေးဆန္ဒများကြောင့်လည်း ဖြစ်ပုံရသည်။

ထိုနည်းတူ အစ္စရေး–ဂါဇာ–လက်ဘနွန်စစ်သည် အမေရိကန်တို့ကြောင့် ဖြစ်ရသည်ဟု မဆိုနိုင်သော်လည်း စစ်ပွဲကျယ်ပြန့်သွားခြင်းမှာမူ အမေရိကန်စနက်နှင့် ဘယ်လိုမှမကင်းပါ။ အစ္စရေးနောက်ခံ အမေရိကန်တို့ ပါးစပ်က စစ်ကိုလျှော့ချကြရန် ဘယ်လိုပြောပြော အစ္စရေးအပေါ် ထိရောက်သည့် ဖိအားမပေးဘဲနှင့် စစ်ကိုရပ်တန့်နိုင်မည်မဟုတ်ကြောင်း အားလုံးက သိသည်။ လက်ရှိ လက်ဘနွန်ကိုတိုက်နေသည့် အစ္စရေးစစ်မှာ အမေရိကန်ဘက်က ကြားဝင်စေ့စပ်နေဆဲမှာပင် အမေရိကန်က အစ္စရေးကို စစ်ရေးအကူအညီ ထောက်ပံ့နေမှုကို ရပ်ပစ်ရမည့်အစား ဆက်လက်ပေးအပ်နေခြင်းသည် မီးစတစ်ဖက် ရေမှုတ်တစ်ဖက်နှင့် ပေါ်တင်လိမ်ညာတတ်သည့် အမေရိကန်တို့၏ လုပ်ရပ်ပင်ဖြစ်သည်။

## စစ်ကိုဖန်တီးသူနှင့် စစ်ကိုတာရှည်စေသူ

အဓိကအချက်မှာ ကျွန်တော်တို့ မြန်မာလူငယ်များ ကမ္ဘာကြီး၌ ဖြစ်ပျက်နေသမျှကို အမှုမဲ့အမှတ်မဲ့မနေဘဲ မိမိတို့နိုင်ငံအပေါ် သက်ရောက်နိုင်ခြေများအပေါ် လျစ်လျူမရှုမိစေရန် ရည်ရွယ်ပါသည်။ ယနေ့ဖြစ်နေသည့်ကမ္ဘာ့ပဋိပက္ခများကို ခွဲခြမ်းစိတ်ဖြာပြီး ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းနှင့် ပဋိပက္ခကို ပိုဆိုးသည်ထက်ဆိုးအောင် ဘယ်သူလုပ်နေသလဲ၊ လက်သည်တရားခံနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဘယ်သူကဆောင်ကြဉ်းနေသလဲ ရှာကြည့်သင့်သည်။ နိုင်ငံရေး၊ စီးပွားရေးမူဝါဒများ၊ လူမှုစီးပွားဘဝများ၊ မတူကွဲပြားခြားနားမှုများ များလွန်း၍ စစ်တွေဖြစ်ကြရသည်ဆိုလျှင် ကွဲပြားမှုကို ညီမျှအောင်လုပ်ပေးရန် ယနေ့ကမ္ဘာ့ခေါင်းဆောင်များတွင် အဓိကတာဝန်ရှိသည် မဟုတ်ပါလား။

> **“အဓိကအချက်မှာ ကျွန်တော်တို့ မြန်မာလူငယ်များ ကမ္ဘာကြီး၌ ဖြစ်ပျက်နေသမျှကို အမှုမဲ့အမှတ်မဲ့မနေဘဲ မိမိတို့နိုင်ငံအပေါ် သက်ရောက်နိုင်ခြေများအပေါ် လျစ်လျူမရှုမိစေရန် ရည်ရွယ်ပါသည်။ ယနေ့ဖြစ်နေသည့် ကမ္ဘာ့ပဋိပက္ခများကို ခွဲခြမ်းစိတ်ဖြာပြီး ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းနှင့် ပဋိပက္ခကို ပိုဆိုးသည်ထက်ဆိုးအောင် ဘယ်သူလုပ်နေသလဲ၊ လက်သည်တရားခံနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ဘယ်သူကဆောင်ကြဉ်းနေသလဲ ရှာကြည့်သင့်သည်။ နိုင်ငံရေး၊ စီးပွားရေးမူဝါဒများ၊ လူမှုစီးပွားဘဝများ၊ မတူကွဲပြားခြားနားမှုများ များလွန်း၍ စစ်တွေဖြစ်ကြရသည်ဆိုလျှင် ကွဲပြားမှုကို ညီမျှအောင်လုပ်ပေးရန် ယနေ့ကမ္ဘာ့ခေါင်းဆောင်များတွင် အဓိကတာဝန်ရှိသည် မဟုတ်ပါလား။ သို့သော် ယနေ့ကမ္ဘာကြီးတွင် မတူကွဲပြားမှုကို ညီမျှအောင်လုပ်ပေးရမည့်အစား ပိုပြီးကွဲပြားသွားအောင်၊ ပိုပြီးမညီမမျှ ဖြစ်အောင်၊ ပိုဆိုးအောင်လုပ်နေသည့် တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့သည့်နိုင်ငံများကရှိနေ”**

သို့သော် ယနေ့ကမ္ဘာကြီးတွင် မတူကွဲပြားမှုကို ညီမျှအောင်လုပ်ပေးရမည့်အစား ပိုပြီးကွဲပြားသွားအောင်၊ ပိုပြီးမညီမမျှဖြစ်အောင်၊ ပိုဆိုးအောင်လုပ်နေသည့် တာဝန်ယူမှု၊ တာဝန်ခံမှု ကင်းမဲ့သည့်နိုင်ငံများကရှိနေသည်။ ယူကရိန်းပဋိပက္ခမှာ ရုရှားကို ကျူးကျော်သူဟု သမုတ်ပြီး ရုရှားကို အမျိုးမျိုးနှိပ်ကွပ်ကာ ဂါဇာကို စိစိညက်ညက်ကြေအောင် လုပ်နေသည့် အစ္စရေးကိုမူ ထောက်ခံကူညီသည့် အမေရိကန်၏ စံနှစ်မျိုးမူဝါဒကို တွေ့နေရသည်။

ယူကရိန်း – ရုရှားပဋိပက္ခ ရင်းမြစ်အစသည် ရုရှားက ဘယ်လိုမှလက်မခံ၊ အတန်တန်တားမြစ်နေသည့် ယူကရိန်းကို နေတိုးအုပ်စုထဲ ထည့်သွင်းလိုသည့် မူဝါဒကို အမေရိကန်ဘက်က ဖြတ်ကျော်လိုက်သောကြောင့်ဖြစ်ရသည့် အမေရိကန် – ရုရှား၊ နေတိုး – ရုရှားအကြား ကိုယ်စားပြု စစ်ပွဲတစ်ခုသာဖြစ်သည်ဟု အများစုက လက်ခံထားကြသည်။ ဆိုလိုသည်မှာ ရုရှား–ယူကရိန်းပဋိပက္ခ၏ လက်သည် မီးရှို့သူမှာ အမေရိကန်ပင်ဖြစ်သည်။ ဥရောပမှာ စစ်ဖြစ်အောင် အမေရိကန်တို့ ဖန်တီးခဲ့ကြပြီး စစ်ကိုတာရှည်အောင်လည်း ယူကရိန်းထံ လက်နက်များ ဆက်လက်ပံ့ပိုးခြင်းဖြင့် စစ်ကိုတာရှည်အောင် လုပ်သလိုဖြစ်နေသည်။ စစ်ကိုဖန်တီးပြီး စစ်လက်နက်များရောင်းချခြင်းသည် အမေရိကန်နိုင်ငံရေးသမားများအတွက် အတော်တွက်ခြေကိုက်သည့် လုပ်ရပ်လည်းဖြစ်သည်။ ဥရောပနေတိုးအုပ်စုဝင်များနှင့် ရုရှားနိုင်ငံတို့အကြား မိတ်ဆွေမှရန်သူအဖြစ် ပိုပြီးကွဲပြားသွားသကဲ့သို့ နေတိုးနိုင်ငံများအကြားတွင်လည်း အမြင်ကွဲပြား ညီညွတ်မှုများ လျော့ရဲကုန်သည်မှာ အမေရိကန်တို့၏ အန္တိမလိုလားချက်များလား စဉ်းစားစရာဖြစ်သည်။

ယခုနောက်ပိုင်း ယူကရိန်းကို ကူညီရန် အမေရိကန်တို့ဘက်က သွေးအေးလာခြင်းသည် ရွေးကောက်ပွဲဝင် ဒီမိုကရက်တို့၏ လတ်တလော နိုင်ငံရေးရည်မှန်းချက်ကို မထိခိုက်စေရန်အတွက် ဖြစ်သည်ဟု သုံးသပ်နိုင်သလို ပြည်တွင်း၌ ဆန့်ကျင်အုံကြွမှုဆန္ဒပြပွဲများကို အကြီးအကျယ်ရင်ဆိုင်နေရသည့် အစ္စရေးခေါင်းဆောင် နေတန်ရာဟုမှာလည်း သူ့နိုင်ငံရေးဖိအားများကို ကာမိစေရန်အတွက် လက်ဘနွန်တောင်ပိုင်းကို စစ်ဆင်နွှဲပြီး ဟစ်ဇ်ဘိုလာတို့အပေါ် အနိုင်ယူပြခြင်းဖြင့် သူ့ကိုဆန့်ကျင်သူများ၏ အာရုံကို ပြောင်းအောင်လုပ်နေသလား ယူဆချက်များလည်း ရှိနိုင်ပြန်သည်။ အရှေ့အလယ်ပိုင်းစစ်ပွဲမှာ အစ္စရေးဂျူးတို့အပေါ် ပြတ်ပြတ်သားသား ထောက်ခံပြသည့် သမ္မတလောင်းထရမ့်အဖို့ ပြည်တွင်းက ဂျူးတို့၏ ထောက်ခံမဲကို ပိုရသွားပြီး ရွေးကောက်ပွဲမှာ အသာရနိုင်ခြေရှိသည့် ဆက်စပ်မှုကိုလည်း တွေးမြင်လို့ရနိုင်ပါသည်။

ကိုယ်စားပြုစစ်ပွဲများဖြင့် ကမ္ဘာကို ဖျက်ဆီးရန် လက်မနှေးသူ အထူးသဖြင့် အမေရိကန်သည် ကမ္ဘာ့အင်အားကြီးနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာကြီး၏ အဆိုးအကောင်းကို ဖန်တီးနိုင်စွမ်းရှိနေဆဲဖြစ်သကဲ့သို့ စစ်အင်အားကို ကမ္ဘာတစ်ဝန်း ဖြန့်ကြက်ထားပြီး မိမိနိုင်ငံအကျိုးစီးပွားအတွက်ရော ကမ္ဘာ့နိုင်ငံများ၏ အခင်းအကျင်းကိုပါ ပြောင်းလဲသွားအောင် ဖိအားပေးနိုင်စွမ်းရှိသည်။ ရာစုနှစ်သုံးခုအတွင်း အမေရိကန်တပ်ဖွဲ့များသည် ကမ္ဘာ့နိုင်ငံများ၏ အရေးအရာများမှာ တပ်ဖွဲ့များစေလွှတ်၍ တိုက်ရိုက်စွက်ဖက်တိုက်ခိုက်ခဲ့သလို ကြည်း/ရေ/လေ တပ်ဖွဲ့အင်အားပြ၍လည်း ခြိမ်းခြောက်စွက်ဖက်မှုများ ပြုလုပ်နေဆဲဖြစ်သည်။

နောက်ပိုင်းမှာ အမေရိကန်တပ်ဖွဲ့များ တိုက်ရိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများ နည်းပါးသွားပြီး ကိုယ်စားပြုစစ်ပွဲများ ဆင်နွှဲစေကာ စွက်ဖက်လာကြသည်။ ယနေ့ဖြစ်နေသည့် ယူကရိန်းစစ်သည် အမေရိကန်ကိုယ်စား ယူကရိန်းကြားခံပြီး ရုရှားနှင့်ဖြစ်နေသော နေတိုး– ရုရှားစစ်ပွဲဟု ဆိုနိုင်သည်။ ထိုနည်းတူ အစ္စရေး–ဟားမားစ်၊ အစ္စရေး–ဟစ်ဇ်ဘိုလာစစ်သည်လည်း အီရန်နှင့် အစ္စရေးကိုယ်စားပြုစစ်ပွဲ၊ အီရန်နှင့် အမေရိကန်၊ အီရန်နှင့် အမေရိကန်ဂျူးတို့၏ ကိုယ်စားပြုစစ်ပွဲဟုလည်း ဆိုနိုင်သည်။

ယနေ့ ဂါဇာပြည်သူများကို သတ်ဖြတ်နေသော လူသတ်လက်နက်များတွင် အမေရိကန်လက်နက်များက အဓိကနေရာက ပါဝင်လာနေသည်ကို သတိပြုကြရပါမည်။ အမေရိကန်သည် သူတို့အကျိုးစီးပွားအတွက် ကမ္ဘာ့ဘယ်နေရာက ဘယ်သူ့ကိုမဆို ဘယ်နိုင်ငံက ဘယ်လိုပြည်သူမျိုးကိုမဆို သတ်ဖြတ်ရန် ဝန်မလေးသူများဖြစ်ကြောင်း ဗီယက်နမ်စစ်မှာလည်းတွေ့ခဲ့ဖူးပြီ။ အီရတ်၊ အာဖဂန်၊ လစ်ဗျား၊ ဆီးရီးယားအဖြစ်အပျက်များ စသည့်သမိုင်းကြောင်းများစွာလည်း ရှိခဲ့ဖူးပါပြီ။

လိုအပ်လျှင် ကမ္ဘာကြီးကို မီးလောင်တိုက်သွင်းရန် လက်မနှေးသူများဖြစ်ကြောင်း ယခုလက်ရှိကမ္ဘာအနှံ့ ကိုရီးယားကျွန်းဆွယ်၊ ထိုင်ဝမ်တောင်တရုတ်ပင်လယ် ပဋိပက္ခများတွင် မိတ်ဖက်နိုင်ငံများကို စစ်လက်နက်များရောင်းချ၊ စစ်ရေးအကူအညီ မျိုးစုံထောက်၍ မီးမွှေးနေခြင်းက သက်သေပြနေသည်။ မိမိတို့နိုင်ငံတွင်လည်း ထို့အတူဖြစ်သည်။ နေရာစုံ၊ ထောင့်စုံမှ နည်းလမ်းစုံဖြင့် အဖွဲ့ပေါင်းစုံ၊ အကြမ်းဖက်ပေါင်းစုံကို တစ်ဖက်သတ်အကူအညီများပေး၍ သပ်လျှိုသွေးခွဲ လှည့်စားယုတ်မာမှုများကို မြင်အောင်ကြည့်၊ သဘောပေါက်အောင်လေ့လာ၍ လိုအပ်သလို ကာကွယ်ပြင်ဆင်ထားကြရန်ဖြစ်ပါသည်။

အဓိကတင်ပြလိုသည်မှာ ကမ္ဘာရော မြန်မာမှာပါ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာ ဖြေရှင်းကြရေးဖြစ်ပြီး စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းက တည်ငြိမ်မှုလမ်းကြောင်းမှန်ပေါ် မရောက်နိုင်သကဲ့သို့ ကမ္ဘာ့ပြည်သူများ၊ မြန်မာပြည်သူများလိုချင်သော ငြိမ်းချမ်းရေးနှင့်လည်း အလှမ်းဝေးမြဲသာဖြစ်မည်ဟု ဆိုလိုရင်းဖြစ်သည်။ ထို့သို့ စစ်ရေးနည်းလမ်းကိုသာ တစိုက်မတ်မတ်ရွေးချယ်၍ ပြင်ပမှ အားပေးအားမြှောက်ပြုနေသည့် အချို့သောနိုင်ငံကြီးများရှိ စစ်ဝါဒီများ၏ စစ်လိုလားမှုနှင့် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးအကျိုးစီးပွား လောဘမသတ်နိုင်မှုများကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။

ဒီဘက်ခေတ်တွင် နိုင်ငံကြီးများသည် စစ်ရေးအရ ကိုယ်တိုင်တိုက်ရိုက်မပါကြတော့ဘဲ ကိုယ်စားပြုစစ်ပွဲများကို ဆင်နွှဲလာကြသည်။ သူတို့နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းကို အာရုံပြောင်းလို၍ အခြားနေရာတွင် စစ်ပွဲများဖန်တီးပြီး ဒေသတွင်းမတည်မငြိမ်ဖြစ်အောင်နှင့် ကမ္ဘာကြီးတွင် စစ်မီးထတောက်သည်အထိ ကမ္ဘာကြီး မတည်ငြိမ်၊ မငြိမ်းချမ်းအောင် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်နိုင်ငံတို့မှာကဲ့သို့ မိမိတို့မလိုလားသည့်အစိုးရများ မပြုတ်ပြုတ်အောင် ဝင်ရောက်စွက်ဖက်ကြသည်များလည်းရှိနေသည်။ ပြည်တွင်းအခြေအနေနှင့် ဆက်စပ်စဉ်းစားပါကလည်း မိမိတို့နိုင်ငံ၌ ပြည်သူလူထုက စစ်ဘေး၊ စားဝတ်နေရေးအကျပ်အတည်း၊ သဘာဝဘေးမျိုးစုံအောက်တွင် ဒုက္ခဆင်းရဲအမျိုးမျိုးရောက်နေချိန် ကယ်သူကကယ်နေသော်လည်း လက်နက်ကိုင်သူပုန်အုပ်စုများကမူ ပြည်သူလူထုပိုဒုက္ခရောက်အောင် စစ်ရေးနည်းလမ်းသာ ရွေးချယ်နေကြသည်ကို တွေ့ရသည်။

နိုင်ငံတကာက အမျိုးမျိုးကန့်ကွက်နေသည့်ကြားမှ အစ္စရေးက စစ်ကို ဆက်တိုက်နေသလို ငြိမ်းချမ်းရေးအတွက် အဖြေရှာရင်းကပင် ယူကရိန်းက ရုရှားနယ်မြေထဲအထိ ထိုးဖောက်တိုက်ခိုက်နေပြန်သည်။ ငြိမ်းချမ်းရေးစကား တဖွဖွပြောနေသည့်အမေရိကန်က သူကိုယ်တိုင်ပင် အစ္စရေး၊ ယူကရိန်းတို့ကို စစ်ရေးအကူအညီများ ပေးနေသည့်အတွက် ၎င်းနိုင်ငံများရှိ ပြည်သူများအတွက် ငြိမ်းချမ်းရေးလမ်းစ မတွေ့ရသလို လက်နက်ကိုင်သူပုန်အုပ်စုများကို စစ်ရေးအပါအဝင် အကူအညီအမျိုးမျိုးကို အကြောင်းအမျိုးမျိုးပြ ပေးကမ်းထောက်ပံ့နေသည့်အတွက်လည်း မြန်မာနိုင်ငံ ငြိမ်းချမ်းရေးမှာ အလှမ်းဝေးနေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

နောက်ဆုံးတွင် အဓိကအချက်က မိမိပြည်တွင်းရှိ မိမိအင်အားကို ခိုင်မာတောင့်တင်းအောင် အစဉ်ကြိုးပမ်းတည်ဆောက်နေရေးသာ ဖြစ်ပါတော့သည်။ ။

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၂

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT)ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး (UMFCCI) ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။






ဆွေးနွေးပွဲတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက် အချက် ၄၀ အနက် မြန်မာနိုင်ငံက ဆောင်ရွက်ပြီးစီးမှု ၂၆ ချက်ကို အာဆီယံနိုင်ငံများနှင့်နှိုင်းယှဉ်၍လည်းကောင်း၊ မြန်မာနိုင်ငံက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အစီအမံ ၁၅ ချက်မှ ဆောင်ရွက်ပြီးစီးခဲ့သည့်အချက်များကို နှစ်အလိုက် အဆင့်တိုးမြှင့်ရရှိမှုများ၊ ၂၀၂၄ ခုနှစ်တွင် အဆင့်တိုးမြှင့်ရရှိခဲ့သည့်အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့်အချက်များ၊ AML/CFT ဗဟိုအဖွဲ့များနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ ML/ TF ဆိုင်ရာ High Risk Area များ၊ High Risk Industry များနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားပြီး ပုဂ္ဂလိကကဏ္ဍမှ ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ထုတ်ရမည့် သတင်းအချက်အလက်များ၊ အစီရင်ခံစာများ၊ ဟွန်ဒီလုပ်ငန်းများ လျှော့နည်းပပျောက်ရေးဆောင်ရွက်ရမည့်အချက်များနှင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်နေမှုများ၊ အွန်လိုင်းမှ တရားမဝင်ငွေရေးကြေးရေး ဆောင်ရွက်နေမှုများအား တားဆီးအရေးယူမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည်များ၊ မရှင်းလင်းသည့် အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများပေးအပ်



စစ်တွေ အောက်တိုဘာ ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ဘိုးဘွားရိပ်သာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများသို့ ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရခိုင်ပြည်နယ်ရှိ ထောက်ပံ့ငွေရရှိသည့် ဘိုးဘွားရိပ်သာများ၊ ပရဟိတကျောင်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအတွက် ထောက်ပံ့ငွေကျပ် ၆၂ ဒသမ ၉၃၂ သန်းကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ဘိုးဘွားရိပ်သာများ၊ ပရဟိတဂေဟာများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများသို့ ထောက်ပံ့ငွေများ ပေးအပ်ကြရာ စစ်တွေမြို့ ဘိုးဘွားရိပ်သာစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရွှေထွန်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ဘိုးဘွားရိပ်သာအတွင်း ထမင်းစားဆောင်နှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုကြကာ အဘိုးအဘွားများကို ထောက်ပံ့ငွေများ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့၌ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ဆင်ပေါင်ဝဲ အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့၌ ရေဘေးသင့်ပြည်သူများအား မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ပစ္စည်းများကို ယနေ့ နံနက် ၁၁ နာရီတွင် မြို့နယ်ဘုရားငါးဆူစေတီတော်မြတ်ကြီးအတွင်း၌ ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ပစ္စည်းများပေးအပ်ရာတွင် မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါ်ချောခင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်ရှိ ရေဘေးသင့်ပြည်သူများအား ဆေးခြင်ထောင်၊ ကာဗွန်လင်၊ စောင်၊ Individual Hygiene Kitနှင့် Dignity Kit ပစ္စည်း ငါးမျိုးတို့အား မကွေးတိုင်းဒေသကြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းအဖွဲ့များ၊ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများက လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)၏ ဆဋ္ဌမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)၏ ဆဋ္ဌမအကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းရှိ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)နှင့်(ရန်ကုန်တိုင်း)ရုံး၌ ကျင်းပသည်။




သွေးလှူဒါန်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်၊ အထွေထွေအတွင်းရေးမှူး ဦးဖွဲ့ရန်နိုင်၊ ရန်ကုန်တိုင်းဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြသွေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဗဟိုအထောက်အကူပြု လူမှုရေးရာအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် သွေးလှူရှင်များ တက်ရောက်ကြသည်။

သွေးလှူဒါန်းပွဲတွင် တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)ဥက္ကဋ္ဌတို့က သွေးလှူရှင်များနှင့်အတူ သွေးလှူဒါန်းခဲ့ကြပြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလုပ်အမှုဆောင်များက သွေးလှူရှင် ၁၄၀ အား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ (၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချကွန်ဖရင့် တက်ရောက်

နေပြည်တော် အောက်တိုဘာ ၁၂

ကျန်းမာရေးကဏ္ဍတွင် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်း (Topical Issues of Human Rights Protection on Health Care) ခေါင်းစဉ်ဖြင့် (၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်လက်တွေ့အသုံးချကွန်ဖရင့်ကို အောက်တိုဘာ ၁၀ ရက်က ရုရှားနိုင်ငံ မော်စကိုမြို့၌ Hybrid format ဖြင့် ကျင်းပခဲ့သည်။

ကွန်ဖရင့်သို့ ကမ္ဘာ့နိုင်ငံ ၅၆ နိုင်ငံမှ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များက In-person တက်ရောက်ကြပြီး တာဂျစ်ကစ္စတန်နိုင်ငံ၊ ကာဇက်စတန်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်း၊ နိုင်ငံတကာဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အဆိုပါ ကွန်ဖရင့်တွင် ကျန်းမာရေးကဏ္ဍတွင် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံအလိုက် ဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်တိုးတက်မှုများကို ဆွေးနွေးကြပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ကျန်းမာရေးစောင့်ရှောက်မှုရပိုင်ခွင့်ကို အခြေခံလူ့အခွင့်အရေးအဖြစ် အလေးပေးဆောင်ရွက်နေကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုသည် အထူးအခွင့်အရေးတစ်ခု မဟုတ်ဘဲ လူတိုင်းနှင့်သက်ဆိုင်သည့် အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း၊ ပြည်တွင်းတွင် ကျန်းမာရေးအခွင့်အရေးများကို အလေးပေးစောင့်ရှောက်သော ဥပဒေများကိုပြဋ္ဌာန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို အလေးပေးဆောင်ရွက်နေကြောင်း၊ လူ့အခွင့်အရေးတစ်ရပ်ဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အားလုံးပါဝင်နိုင်ပြီး သာတူညီမျှရှိကာ လက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများရရှိနိုင်ရန် ပူးပေါင်းအကြံပြုဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လူ့အခွင့်အရေးများကို ပိုမိုသိရှိနိုင်စေရန်အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ သူနာပြုတက္ကသိုလ်များတွင် ဟောပြောပွဲများ အပါအဝင် လူ့အခွင့်အရေးအသိပညာပေး ဟောပြောပို့ချမှုများ ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## ဘားအံမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်း သတ်မှတ်ကာလအတွင်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်



ဘားအံ အောက်တိုဘာ ၁၂

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှစ၍ ရပ်ကွက်၊ ကျေးရွာအုပ်စု ၉၄ အုပ်စုရှိ သန်းခေါင်စာရင်းကောက်ကွက်ပေါင်း ၈၆၄ ကွက်တွင် စာရင်းကောက်ယူလျက်ရှိရာ ယနေ့နံနက်ပိုင်းက လှာကဒေါင်ကျေးရွာ သုဒ္ဒါရာရာမကျောင်းတိုက်အုပ်ဆရာတော် ဓမ္မာစရိယ ဘဒ္ဒန္တတေဇောဘာသအား တာဝန်ကျ စာရင်းစစ်၊ စာရင်းကောက်များက သန်းခေါင်စာရင်းကောက်ယူခဲ့ကြပြီး သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မြောင်းမြမြို့၌ သန်းခေါင်စာရင်းများ ကောက်ယူနေမှု ကြည့်ရှုအားပေး

မြောင်းမြ အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများသည် မြောင်းမြမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူလျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် မြို့ပေါ်ရပ်ကွက် နှစ်ရပ်ကွက်နှင့် သဇင်ကုန်းလေးကျေးရွာများ၌ စာရင်းကောက်ယူရာသို့ ခရိုင်သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောင်တွင်းကြီးမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူနေမှု ကြည့်ရှုအားပေး

တောင်တွင်းကြီး အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအသီးသီး၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၁၆ စု၊ ကျေးရွာပေါင်း ၃၇ ရွာရှိ ကောက်ကွက်ပေါင်း ၄၃ ကွက်၌ စာရင်းစစ်၊ စာရင်းကောက်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း၂၁၇ဦးက ကောက်ယူရာ မြို့နယ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးဟိန်းဇော်မင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။



နောင်နောင်(ဗိသနိုးမြေ)

## လွိုင်လင်မြို့နယ်၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

လွိုင်လင် အောက်တိုဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူလျက်ရှိရာ ကောက်ကွက်ပေါင်း ၂၅၈ ကွက်ရှိသည့်အနက် အောက်တိုဘာ ၁၁ ရက်အထိ ကောက်ကွက် ၁၉၂ ကွက် ကောက်ယူပြီးဖြစ်သည်။

ထိုသို့ သန်းခေါင်စာရင်းကောက်ယူနေမှုများကို ယနေ့နံနက်ပိုင်းက မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးသိန်းထွဋ်၊ အတွင်းရေးမှူး ဦးမိုးမောင်မောင်ခင်နှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ နယ်မြေမှူးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက စာရင်းကောက်၊ စာရင်းစစ်အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ချောင်းဦးမြို့၌ သန်းခေါင်စာရင်း ဆက်လက်ကောက်ယူ

ချောင်းဦး အောက်တိုဘာ ၁၂

ချောင်းဦးမြို့၌ ၂၀၂၄ ခုနှစ် စစ်ကိုင်းတိုင်း ဒေသကြီး လူဦးရေနှင့် အိမ်အကြောင်းအရာ



သန်းခေါင် စာရင်းအား အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှ စတင်ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် အဖွဲ့ဝင်များ ကြီးကြပ်လျက် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့လေးဖွဲ့က ချောင်းဦးမြို့ပေါ် ရပ်ကွက်များဖြစ်သည့် မြို့မရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ တမာမြိုင်ရပ်ကွက်၊ ချောင်းဦးမြောက်ရပ်ကွက်၊ ချောင်းဦးတောင်ရပ်ကွက်၊ ရန်အောင်မြေရပ်ကွက်များသို့ ကွင်းဆင်းကောက်ယူလျက်ရှိသည်။

### ကောက်ယူနိုင်ခဲ့

ထိုသို့ ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၁၁ ရက်အထိ အိမ်ထောင်စု ၄၀၀၉ စု၊ လူဦးရေ ၁၂၇၈၇ ဦးကို ကောက်ယူနိုင်ခဲ့ကြောင်း သိရသည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၁၂

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့် အဓိပ္ပာယ်

(၇-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

**န**

**န** ၏ အနက်လည်း "ပေါင်းစည်းခြင်း" ပင်ဖြစ်သည်။ ပေါင်းစည်းခြင်းဆိုသည်မှာ **ထိ၊ မိ၊ ဆက်၊ စပ်၊ ယှဉ်၊ တွဲ၊ ဆိုင်း၊ ဖွဲ့** စသည့် အနက်များဖြစ်သည်။ ထိမိ၊ ဆက်စပ်၊ ယှဉ်တွဲ၊ ဆိုင်းဖွဲ့ စသည်တို့သည် ပေါင်းစည်းအနက်ကို ဖြစ်စေသည်။ ထိမိခြင်းကြောင့် ပေါင်းစည်းခြင်း၊ ပေါင်းစည်းခြင်းကြောင့် ထိမိခြင်းစသည်ဖြင့် အပြန်အလှန်ထောက်ကူနေပေသည်။ န ကို မြန်မာအဘိဓာန်တွင် "ကြိ- ဖျင်းသည်၊ နုံသည်။" ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ **န** ၏ပရိယာယ်များမှာ ထူ၊ ထိုင်း၊ ထုံ၊ နုံ၊ ဖျင်း တို့ဖြစ်သည်။

**န** ၏ အနက်မှာ တစ်နေရာတည်း စွဲမြဲတည်နေခြင်းဖြစ်သည်။ လှုပ်ရှားခြင်းမရှိ စွဲကပ်ငြိတွယ်သည့်သဘောဖြစ်သည်။ မသွက်မလက် ဆိုင်းတွဲ့တွဲယှက်သည့် အဓိပ္ပာယ်ဖြစ်သည်။ ချိတ်ဆက်ယှဉ်တွဲနှိုင်းယှဉ်သည့် အဓိပ္ပာယ်ဖြစ်သည်။

ပေါရာဏကထာတွင် မယ်နဟူသော ဝေါဟာရရှိသည်။ မယ်နကို ယခုအခါတွင်လည်း အချို့ဒေသိယ ဝေါဟာရများတွင် အသုံးပြုလျက်ရှိနေဆဲဖြစ်ပါသည်။ သံ၊ သံမှိုဟု အဓိပ္ပာယ်ရသည်။ ယနေ့မြန်မာဝေါဟာရတွင်လည်း သံတိုမယ်နဟု အသုံးတွင်လျက်ရှိနေပါသေးသည်။ သံတိုမယ်နအရ သံအတိုအစ၊ သံသေးသေးလေးဟု ဆိုလိုပါသည်။ တကယ့် မယ်နမှာ သံအကြီးကြီး ဖြစ်ပါသည်။ **မယ်** သည် **မဲ** နှင့်တူ၍ မြဲသောအနက်ရှိသည်။ န သည်လည်း ဆက်စပ်ပေါင်းစည်းနက်ဖြစ်သဖြင့် သစ်သားစသည်ကို စွဲမြဲအောင် ချိတ်ဆက်တွဲကပ်ပေးသောအရာဟု ဆိုရပါမည်။ သံ ဟုပင် ဆိုလိုပါသည်။ သံ ၏အနက်လည်း ချိတ်ဆက်ပေါင်းစည်းဖြစ်သည်။

**န** သည် ပေါင်းစည်းခြင်းအနက်ရှိကြောင်းကို ယနေ့ အချို့ဒေသိယ မြန်မာစကားများတွင် တွေ့ရပါသည်။ ထားဝယ်၊ ယော၊ ရခိုင်၊ အင်းလေး ဒေသိယစကားများတွင် တွေ့ရပါသည်။ န ၏အနက် ချိတ်ဆက်ပေါင်းစည်းဖြစ်ကြောင်းကို ယခုအခါ အချို့ဒေသိယစကားများတွင် တွေ့ရပါသေးသည်။

စာစကားတွင် နှင့် ဟူ၍ရေးပြီး နှုတ်ပြောစကားတွင် နဲ့ ဟုပြောကြရေးကြသော အသုံးအနှုန်းကို ထားဝယ်၊ ယော၊ ရခိုင်၊ အင်းလေးဒေသများတွင် **န** ဟုပြောကြပါသည်။ မောင်နှင့်မယ်နှင့်၊ မောင်နဲ့မယ်နဲ့ကို မောင်နမယ်န ဟုပြောသည်။ သမ္ဗန္ဓဖြစ်သည်။ ပေါင်းစည်းနက်ဖြစ်သည်။ စာစကားတွင် အသုံးခံပြဝိဘတ်ဖြစ်သော နှင့်၊ နှုတ်ပြောစကားတွင် နဲ့ တို့ကို အထက်ပါဒေသများတွင် **န** ကို သုံးသည်။ ဓား နှင့် ခုတ်သည်။ ဓားနဲ့ခုတ်တယ်ကို ဓား(ထား) **န** ခုတ်တယ်ဟု ပြောကြသည်။ **န** ကို ပေါင်းစည်းနက်အဖြစ် သုံးခြင်းဖြစ်သည်။ သဒ္ဒါကျမ်းတွင် အသုံးခံပြဝိဘတ် ဟုဆိုသည်။ မ နှင့်တွဲ၍ ပစ္စည်းအဖြစ်သုံးသော နှင့်(မသွားနှင့်)၊ နဲ့ (မသွားနဲ့) တို့မှ နှင့်၊ နဲ့ တို့ကို အထက်ပါ ဒေသများတွင် န (မသွားန) ဟု သုံးသည်။ မသွားနှင့်၊ မသွားနဲ့၊ မသွားနတို့တွင် နှင့်၊ နဲ့၊ န တို့သည် မသွားခြင်းနှင့် ပေါင်းစည်းလျက်ရှိကြောင်းကို ဖော်ပြလျက်ရှိသည်။ ထို့ပြင် **န** ၏ တိုင်သံဖြစ်သော **နက်**သည်လည်း ပေါင်းစည်းခြင်း အနက်ရှိကြောင်း တွေ့ရပါသည်။

နက်ကို မြန်မာအဘိဓာန်တွင် "မီးသွေးအရောင်ဖြစ်သော။ မည်းသောအရောင်ရှိသော ဟူ၍လည်းကောင်း၊ အောက်သို့ များစွာနိမ့်ဆင်းသော ဟူ၍လည်းကောင်း။" အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ နက်ခြင်းဂုဏ်ရည်၊ အနက်ဂုဏ်ရည်ကို ပေါ်လွင်အောင် နက်သောအရောင်ရှိသည့် မီးသွေးအရောင်နှင့် နှိုင်းပြဖွင့်ဆိုရသည်မှာ အဘိဓာန်အဖွင့် သဘောသဘာဝဖြစ်သည်။ အနက်ရောင်သည် အရောင်အားလုံးတွင် အားအကြီးဆုံးအရောင်၊ ပေါင်းစည်းမှုအားအကြီးဆုံးအရောင်ဖြစ်သည်။ ထိမိမှု အားအကြီးဆုံးဖြစ်သည်။ မခွဲမခွာထိမိနေသည့် အခြင်းအရာကြောင့် ရှိသည့်သဘောကိုလည်း ဟောသည်။ ထို့ကြောင့် ဝေါဟာရတစ်လုံးတွင် ယင်းကိုယ်တိုင် ကိုယ်ပိုင်ရှိသောသဘောကို ထိုဝေါဟာရ၏အနက်ဟု ဆိုရသည်။ အနက်ကို အရှိဟုလည်းဆိုသည်။ ပေါရာဏကထာများတွင် အနက်ကို ဥစ္စာပစ္စည်းဟုဆိုသည်။ "အနက်ဥစ္စာ၊ မန်းမှာဆန်ကော" ဟု ပြဿနာ်းသည်။ အနက်သည်ရှိသည့်အရာဖြစ်သဖြင့် လယ်**နက်**ဟုဆိုလျှင် လယ်တွင်ရှိသည့်အရာ၊ လယ်မှထွက်သော အရာဖြစ်သည့် စပါးဟုဆိုသည်။ လက်**နက်**ဟူသည်မှာလည်း ကိုယ်ပိုင်ရှိသောအရာ ကိုယ်ပိုင်ပစ္စည်းပင်ဖြစ်သည်။ လက်သည် ကိုယ်အင်္ဂါအစိတ်အပိုင်းဟုဆိုလိုခြင်းမဟုတ်ပါ။ လက်ကို နာမ်ပြုရှေ့ဆက်ပစ္စည်း အ နှင့် အနက်တူဟု မှတ်ရပါသည်။ လက်**နက်**ဆိုသည်မှာ အနက်ပင်ဖြစ်သည်။ ပိုင်ဆိုင်သမျှအရာကို ဟောသည်။ လက်နက်ခဲယမ်းမီးကျောက်ဆိုသည်မှာ ဆင့်ပွားအသုံးအနှုန်းဖြစ်သည်။ ထိုနည်းတူ လက်ဆောင်ဆိုသည်မှာလည်း အဆောင်ပင်ဖြစ်သည်။ ဆောင်ထားသမျှအရာသည် အဆောင်၊ လက်ဆောင်ဖြစ်သည်။ (လယ်နက် = လယ်၌ ရှိသောအရာ၊ စပါး။ လယ်ခွန် = လယ်မှထွက်သောအရာ၊ စပါး။ လယ်ခွန်လယ်နက် = စပါး။) နက်ရှိုင်းသည် ဆိုသည်မှာလည်း ထိမိဆက်စပ် ပေါင်းစည်းခြင်းပင်ဖြစ်သည်။ ထိမိဆက်စပ်ပေါင်းစည်းခြင်းသည် များခြင်း၊ ကြီးခြင်း၊ မြင့်ခြင်း၊ နက်ခြင်း၊ ရှည်ခြင်း သဘောများကို ဟောသည်ဟု မှတ်ယူရန်ဖြစ်ပါသည်။

န ၏ အခြားတိုင်သံတစ်ခုမှာ နပ် ဖြစ်ပါသည်။ နပ် ၏ အနက်လည်း ပေါင်းစည်းဖြစ်ပါသည်။ **နပ်** ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "အပူဓာတ်ကြောင့် ထမင်းဟင်းစသည် ကျက်သည်၊ ပျော့ပျောင်းနူးညံ့သည်" ဟူ၍လည်းကောင်း၊ "အကျိုးရှိသည်" ဟူ၍လည်းကောင်း၊ "လိမ္မာသည်၊ လည်သည်။" ဟူ၍လည်းကောင်း ဖွင့်ပြထားပါသည်။ နပ်၏ အနက်မှာ ထမင်းစသည်ဟူသော စကားမှ **နပ်**၏ အနက်က ပဓာနဖြစ်သည်။ ထမင်း စသည် နပ်သည်မှ **နပ်**သည် ပေါင်းစည်းမိသောအနက်၊ ကပ်သော၊ နူးသော အနက်ဖြစ်သည်။ ပေါင်းစည်းမိသည့်သဘောပင်ဖြစ်သည်။

ချုပ်၍ဆိုရသော် န၊ နက်၊ နပ် တို့၏ အနက်သည် "ပေါင်းစည်းခြင်း" ပင်ဖြစ်ပေသည်။

**ပ**

**ပ**၏အနက်လည်း"ပေါင်းစည်းခြင်း"ပင်ဖြစ်သည်။ ပေါင်းစည်းသဖြင့် ထိမိဆက်စပ်သည့် အနက်သည်ပါပြီးဖြစ်သည်။ ထိမိ၊ ဆက်စပ်သဖြင့်လည်း ပေါင်းစည်းခြင်းဖြစ်သည်ဟု အပြန်အလှန်အားဖြင့်လည်း ယူဆနိုင်ပါသည်။ မြန်မာအဘိဓာန်တွင် **ပ** ၏ အဓိပ္ပာယ်ကို "ကွယ်ပျောက်သည်၊ ဖယ်ရှားသည်၊ ကြဉ်သည်" ဟူ၍လည်းကောင်း၊ "ထွန်းတောက်သည်" ဟူ၍လည်းကောင်း၊ "ပူဇော်သည်" ဟူ၍လည်းကောင်း အဓိပ္ပာယ်သုံးမျိုးဖွင့်ပြပါသည်။

ဤတွင် ကွယ်ပျောက်သည်၊ ဖယ်ရှားသည်၊ ကြဉ်သည် ဟု ဆိုရာ၌ အကြောင်းအရာတစ်ရပ်၊ ဒြပ်တစ်ခု စသည်ကွယ်ပျောက်ရန်၊ ဖယ်ရှားရန်၊ ကြဉ်ရန်အတွက် မူလက ထိုအကြောင်းအရာ၊ ထိုဒြပ်ဝတ္ထုနှင့် ပေါင်းစည်းဆက်စပ်လျက်ရှိနေရမည်ဖြစ်သည်။ ထို့ပြင် ကွယ်ပျောက်သွားသောအရာသည် မိမိဘက်တွင် ကွယ်ပျောက်သော်လည်း အခြားတစ်ဖက်၌ ပေါင်းစည်းပေလိမ့်မည်။ မိမိဘက်မှ ဖယ်ရှားလိုက်၊ ကြဉ်လိုက်သော်လည်း အခြားတစ်ဖက်၌ ပေါင်းစည်းနေပေလိမ့်မည်။ ကွယ်ပျောက်သည်၊ ဖယ်ရှားသည်၊ ကြဉ်သည်ဟုဆိုသော်လည်း အရှိန်မရပ်သရွေ့သွား၍ နောက်ဆုံး မိမိထံတွင် ပေါင်းစည်းမည်သာဖြစ်သည်။ ကြားတွင် တစ်စုံတစ်ရာနှင့် ထိလျှင်ကား ထိုနေရာတွင် ပေါင်းစည်းပြီး ဖြစ်ပေလိမ့်မည်။

ဤတွင် ထိမိနေသော သဘောသည် လှုပ်ရှားသောသဘောရှိ၍ လှုပ်ရှားသောသဘောသည် အရောင်တောက်သော သဘောမှာလည်း ဓမ္မတာဖြစ်သဖြင့် **ပ** သည် ထွန်းတောက်သည့် အနက်လည်းရှိသည်။ ထို့ကြောင့် တောက်ပ၊ ထွန်းပ ဟူသော ဝေါဟာရများလည်း ဖြစ်ပေါ်လာသည်။ **တောက်** နှင့် **ပ**၊ **ထွန်း** နှင့် **ပ** အနက်တူတည်း။

ထို့ပြင် **ပ** ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ပူဇော်သည်" ဟုလည်း ဖွင့်ပြထားပါသည်။ ပူဇော်၏အဓိပ္ပာယ်ကို ရိုသေမြတ်နိုးစွာ ဆက်ကပ်သည်ဟု ဖွင့်ဆိုထားပါသည်။ အနက်ရင်းမှာ ဆက်ကပ်ဖြစ်သဖြင့် ဆက်သည်၊ ကပ်သည် ဟူသော အနက်ဖြစ်သည်။ **ပ** ၏ အနက် ဆက်ကပ်ဖြစ်သကဲ့သို့ **သ** ၏အနက်လည်း ဆက်ကပ်ပင်ဖြစ်ရာ အနက်တူဖြစ်သော **ပ** နှင့် **သ** ကိုတွဲ၍ **ပသ**သည်ဟုလည်း သုံးနှုန်းသည်။ **ပသ** ၏အဓိပ္ပာယ်ကို တင်မြှောက်ပူဇော်သည်ဟု ဖွင့်ဆိုထားပါသည်။

**ပ** ၏ တိုင်သံများဖြစ်သော ပက်၊ ပတ်၊ ပပ် တို့၏အနက်များလည်း ပေါင်းစည်းနက်ပင်ဖြစ်သည်ဟု ဆိုရပါမည်။ **ပက်**၏အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ကြိ – ၁၊ ရေ စသည်ကို ပစ်လွှင့်သည်။ ၂၊ ရေကို ခပ်ထုတ်ပစ်သည်။ ၃၊ (ဝက်ကအစွယ်ဖြင့်) ပင့်ကော်၍ထိုးသည်။ ၄၊ ကြီးသူ၏စကားကို မနာခံဘဲ ပြန်လှန်ပြောသည်။" ဟူ၍ ကြိယာအနက် လေးခုဖွင့်ပြထားပါသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေတပ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း သုံးထပ်စာသင်ဆောင်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နမ့်စန် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် နမ့်စန်လေတပ်စခန်းဌာနချုပ် ဧည့်ခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြား၍ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ပြည်သူ့စစ် (ဌာနေ) အဖွဲ့တို့က လက်ခံရယူသည်။



ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) လေတပ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း အာရ်စီသုံးထပ်စာသင်ဆောင်ဆောက်လုပ်နေမှု၊ စာသင်ခန်းနှင့် သင်ထောက်ကူခန်းမတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆရာဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

အဆိုပါ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) လေတပ်တွင် စက်မှုဘာသာရပ် ၄၀၊ စိုက်ပျိုးဘာသာရပ် ၁၂ ဦး၊ မွေးမြူဘာသာရပ် ခုနစ်ဦး ပညာသင်ကြားလျက်ရှိသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နမ့်စန်မြို့ နမ့်လစ်ကျေးရွာအုပ်စု ခါနာန်ကျေးရွာတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခါနာန်ကျေးရွာမှ ဟိုင်းနားကြီးကျေးရွာအုပ်စု ခါနာန်ရွာသစ်နှင့် နားရိုင်းရွာဟောင်းကြားရှိ ကွန်ကရစ်တံတား (၂၀ x ၁၂) ပေနှင့် (၄၀ x ၁၂) ပေ ကွန်ကရစ်တံတားများ ပျက်စီးသည့်နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ လွိုင်လင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကော်မတီဝင်များနှင့် တွေ့ဆုံရာ ပြည်နယ်ဝန်ကြီးချုပ်က သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အစားထိုးစိုက်ပျိုးနိုင်အောင် ဆောင်ရွက်နိုင်ရေး၊ သောက်သုံးရေရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကောင်းမွန်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြန်မာ့ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ငွေရတုချိန်ခါမင်္ဂလာ

**စန်းနီလာဝင်း**

ဂီတစွမ်းအားပြည်ထွန်းကားဟူသောခံယူချက်ဖြင့် ဂီတအနုသုခုမခရီးလမ်းတွင် လျှောက်လှမ်းနေကြသည့် ဂီတအနုသုခမပညာရှင်တို့သည် ယခုကဲ့သို့ မြန်မာ့ယဉ်ကျေးမှ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၏ ငွေရတုချိန်ခါမင်္ဂလာကာလဖြစ်သောကြောင့် ပို၍ ဖရဏာပီတိ ဂွမ်းဆီထိသကဲ့သို့ ဂုဏ်ယူဝမ်းမြောက်ကြရပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ဂီတအနုသုခုမပုံရိပ်သည် ထိုနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းကို တိုင်းတာပြသသည့် ပြဒါးတိုင်သဖွယ်လည်းဖြစ်သည်။ မြန်မာ့ဂီတအနုသုခုမဟုဆိုလိုက်သည်နှင့် "ကြည်ကြည်သည့် ဂီတ၊ ပီသသည့်အသံ၊ အံဝင်သည့်စာသား၊ ဂီတမှာအသံ၊ အလင်္ကာမှာကာရန်" ဟူသော မြန်မာ့အဆို၊ အက၊ အရေး၊ အတီးပညာတစ်ပါးလည်း ပါဝင်လာပါသည်။ စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အနုပညာသည် ဖလှယ်ရေးကိရိယာဖြစ်သော်လည်း မိမိ၏အမျိုးသားမှု၊ အမျိုးသားဟန်၊ အမျိုးသားစံ၊ ကိုယ်ပိုင်အမျိုးသားစရိုက်လက္ခဏာကောင်းများပါရှိရစမြဲဖြစ်သည်။

မကြာသေးမီက အစည်းအဝေးတစ်ခုတွင် မဟာဂီတပညာရှင်တစ်ဦးဖြစ်သူ အမျိုးသားစာပေဆုရဆရာမ ရွှေကူနန်းနွဲ့နွဲ့နှင့် တွေ့ဆုံကြရင်း စကားလက်ဆုံကျခဲ့သည်။ လွန်ခဲ့သည့် ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့က ရန်ကုန်တက္ကသိုလ်နှစ် ၁၀၀ ပြည့်အကြိုအဖြစ် ဝိဇ္ဇာခန်းမကြီး၌ မြန်မာစာဌာနက ကြီးမှူးကျင်းပခဲ့သော "မြန်မာ့အလှဂီတရသ ဖော်ကျူးခြင်း" ဟောပြောသရုပ်ပြပွဲကို ပြန်လည်အမှတ်ရနေမိသည်။ ထိုစဉ်က စာရေးသူသည် ဆရာတစ်ဦးဖြစ်ခဲ့သော ဦးခင်မောင်တင်(အနုပညာဦးစီးဌာနမှ အငြိမ်းစား ဒုတိယညွှန်ကြားရေးမှူးချုပ်)၏ ဖိတ်ကြားချက်အရ ရောက်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံနှင့် ပြည်သူ့အကျိုးပြု ပုဂ္ဂိုလ်တို့သည် "အတိတ်သမိုင်းစဉ်"(Historical Process) ကို မှန်ကန်စွာလေ့လာသုံးသပ်ပြီး "ပစ္စုပ္ပန်သမိုင်း၏လိုအပ်ချက်" (Historical Necessity)ကို ရပ်တည်ချက်မှန်ကန်စွာဖြင့် ဖြည့်ဆည်းနိုင်ရန် "သမိုင်းပေးတာဝန်" (Historical Duty)ကို ကျေပွန်စွာဖြင့် ထမ်းဆောင်ကြစမြဲဖြစ်ပါသည်။

စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် စသည့် အနုပညာရှင်တို့သည် မြန်မာ့ယဉ်ကျေးမှုအနုပညာကို အမွေဆက်ခံလျက် အရိုးကိုအရွက်မဖုံးစေရန် သရုပ်မှန်အနုပညာဖြင့် စေတနာမှန်ကန်စွာ ဖော်ထုတ်တီထွင်တင်ဆက်ခြင်းသည် အနုပညာဆိုင်ရာသမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရာရောက်သည်ဟု ခံယူကျင့်သုံးဆောင်ရွက်ကြပါသည်။

တစ်ချိန်က မြန်မာ့အသံမှ မဟာဂီတသီချင်းကြီး သရုပ်ဖော်ဇာတ် တင်ဆက်ရာတွင် ဇာတ်ညွှန်းစာရေးဆရာ မောင်ကြည်နှင့် ဂီတသုတေသီသမိုင်းပညာရှင် အလင်္ကာကျော်စွာ ဆရာစိန်ဗိုလ်တင့်၊ မဟာဂီတဂန္ထဝင်တေးသံရှင် ဆရာမ ဒေါ်သင်းသင်းမြတ်တို့၏ အသံလွှင့်တေးဂီတအနုပညာမှာ အလွန်အောင်မြင်ထင်ရှားခဲ့သည်ကို အမှတ်ရနေမိသည်။




**သမိုင်းကပြောပြနေသော**
**မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာ**

သရေခေတ္တရာကေရာဇ် နိုင်ငံတော်ဖြစ်သော ပဒေသရာဇ်ခေတ်ကပင် အနုသုခုမသဘင်ပညာ ထွန်းကားခဲ့သည်။ ထိုစဉ်က အိန္ဒိယပြည်နှင့် တရုတ်ပြည်တို့မှ တူရိယာများကို ပျူတို့သည် မိမိတို့ မူပိုင်တူရိယာများနှင့် ပေါင်းစပ်တီးမှုတ်ခဲ့သည်။

ပုဂံခေတ်သို့ရောက်ရှိလာသောအခါ အနုသုခုမဂီတတူရိယာပစ္စည်းများမှာ ယခင်ကထက် ပိုမိုများပြားလာခဲ့သည်။ သာဓကအားဖြင့် ပုဂံဘုရားများ၏ နံရံဆေးရေးပန်းချီပုံများတွင် နန်းတွင်းကချေသည်များနှင့် တူရိယာပစ္စည်းများကို မြင်တွေ့ရသကဲ့သို့ ပုဂံခေတ်ကရေးထိုးထားခဲ့သော ကျောက်စာအချို့၌လည်း ထိုခေတ်သုခုမအနုပညာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရေးထိုးမှတ်တမ်းတင်ထားခဲ့သည်ကိုလည်း လေ့လာတွေ့ရှိရသည်။

ပင်းယခေတ်၌ 'ကာချင်း'များ ခေတ်စားခဲ့သည်၊ ကာချင်းမှာ စစ်သီချင်းဖြစ်ပြီး ကာချင်းအကမှာ "စစ်ရေးပြအက"ပင်ဖြစ်သည်။ မြန်မာပြာသိုလတိုင်းတွင် နန်းတော်ရှေ့၌ ကာရေးသဘင်၊ မြင်းခင်းသဘင်ပွဲများ ကျင်းပလေ့ရှိခဲ့သည်။

ကုန်းဘောင်ခေတ်သို့ရောက်သောအခါ မြင်းခင်း (၃၇)ချင်းနှင့် အဲမောင်းလှံရေး (၃၇)ချင်းတို့ကို ခင်းကျင်းပြသသော မြင်းခင်းသဘင်ပွဲကို တခမ်းတနားကျင်းပခဲ့ကြသည်။ ကာချင်းမှာ အနုသုခုမသဘင်နှင့်နှီးနွှယ်နေပြီး သူရဲကောင်းစစ်သည်တော်များကို ရဲစိတ်ရဲမာန်၊ အမျိုးသားစိတ်၊ အမျိုးသားမာန်တို့ကို နိုးကြားတက်ကြွစေသည်။

ညောင်ရမ်းခေတ်တွင် စတင်တီထွင်ခဲ့သော "အိုင်ချင်း"များသည် ရပ်ရွာဓလေ့ ကျေးလက်ရွာသူရွာသားများ၏ဓလေ့စရိုက်နှင့် လူနေမှုဘဝကို အနီးစပ်ဆုံး သရုပ်ဖော်တင်ဆက်ခဲ့သော တေးဂီတအနုသုခုမပညာတစ်ရပ်ပင်ဖြစ်သည်။ ညောင်ရမ်းခေတ်၌ ခေတ်ပြောင်းဂီတစာဆို ဝန်ကြီးပဒေသရာဇာသည် "မဏိကက်ပြဇာတ်"အမည်ရှိ နန်းတွင်းပြဇာတ်ကို စတင်ရေးသားတင်ဆက်ကပြခဲ့ရာ ထိုနန်းတွင်းပြဇာတ်သည်ပင် မြန်မာ့ပြဇာတ်သဘင်၏ အရုဏ်ဦးမီးရှူးတန်ဆောင်ဟု ဆိုနိုင်ပါသည်။ ထိုမဏိကက်ပြဇာတ်သည် ဇာတ်သဘင်အနုပညာရှင်တို့၏ အဆို၊ အငို၊ အပြော၊ ဟာသ စသည့် ဇာတ်ဝင်ခန်းများမှာ သင်ခန်းစာရယူဖွယ် ကပြသရုပ်ဖော်ခဲ့ခြင်းကြောင့် မဏိကက်နန်းတွင်းပြဇာတ်သည် စံပြုထိုက်သည့် သရုပ်မှန်အနုပညာတစ်ရပ်အဖြစ် အနုသုခုမသမိုင်းတွင် မော်ကွန်းတင်ခဲ့ခြင်းဖြစ်သည်။ ထိုမဏိကက်ပြဇာတ်ကို ပြဇာတ်စာပေအဖြစ် မဟာဂီတပညာရှင် အမျိုးသားစာပေဆုရဆရာမရွှေကူနန်းနွဲ့နွဲ့က ရသပြောင်မြောက်စွာ ဖန်တီးထုတ်ဝေခဲ့သည်ကို ဂုဏ်ယူအားရဖွယ် လေ့လာတွေ့ရှိရသည်။

**ပဒေသရာဇ်ခေတ် အုပ်ချုပ်သူမင်းများ၏**
**အနုသုခုမပညာနှင့် ပညာရှင်များကို**
**ဦးဆောင်အားပေးကြီးကြပ်မှု**

ပဒေသရာဇ်တစ်လျှောက်လုံး မြန်မာဘုရင်တို့သည် အနုသုခုမဂီတပညာကို အထူးအားပေးချီးမြှင့်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ ဂီတအနုသုခုမပညာဖြင့် စည်းရုံးပညာပေး ဆွဲဆောင်ခြင်းသည် လူထုလူတန်းစားများအပေါ် အထူးဩဇာလွှမ်းမိုးနိုင်မှုနှင့်စပ်လျဉ်း၍ မြန်မာဘုရင်များကိုယ်တိုင် သိမြင်ခံယူခဲ့ကြသည်။ ကုန်းဘောင်ခေတ်တွင် နန်းတွင်းပြဇာတ်များ ခေတ်စားလာခဲ့ရာ 'အကပြဇာတ်'၊ 'အဆိုပြဇာတ်'၊ 'အဆိုအပြောဇာတ်'ဟူ၍ ရှိလာခဲ့သည်။ သာဓကအားဖြင့် ရာမလေးတင်သမင်လိုက်ခန်းမှာ အကပြဇာတ်ဖြစ်ပြီး ဥမ္မာဒန္တီ၊ ကုသပြဇာတ်တို့မှာ အဆိုပြဇာတ်ဖြစ်သည်။ ပဿျူးရာမလိုက်ခန်းမှာ အဆို၊ အပြော၊ အကပြဇာတ်တို့ဖြစ်သည်ကို တွေ့ရသည်။

ကုန်းဘောင်ခေတ်တွင် နန်းတွင်းပြဇာတ်ရှည်ကြီးများကို တစ်ညတည်းနှင့်အပြီး ကပြနိုင်ရန်တီထွင်ခဲ့သည့်ပုဂ္ဂိုလ်မှာ ပြဇာတ်ဆရာကြီး ဦးကြင်ဥ (၁၇၇၃-၁၈၃၈)ပင်ဖြစ်သည်။ ဆရာကြီး ဦးကြင်ဥနှင့် ဆရာကြီး စလေဦးပုည (၁၈၁၂-၁၈၆၃)တို့သည် ပြဇာတ်ခေတ်တစ်ခေတ်ဖြစ်လာအောင် တီထွင်ဖန်တီးတင်ဆက်ခဲ့ကြသည့် စာပေအနုပညာရှင်ကြီးများဖြစ်ခဲ့သည်။ ရွှေရာမဇာတ်တော်ကြီးကို ရက်ပေါင်း ၅၀ ကျော်၊ အီနောင်ဇာတ်တော်ကြီးကို ရက်ပေါင်း ၄၀ ကျော် ကပြခဲ့ကြသည်။ ဆရာကြီးဦးကြင်ဥနှင့် ဆရာကြီး ဦးပုညတို့က တစ်ညတည်းနှင့် ရသမြောက်စွာ တင်ဆက်ကပြနိုင်ခဲ့ကြသည်မှာ ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

ဘုရင်များကိုယ်တိုင် အနုသုခုမသဘင်ကို အလေးအနက်ထား၍ လေ့လာကြည့်ရှုခံစားခဲ့ကြသည်။ သာဓကအားဖြင့်ဝန်ကြီးများလွှတ်တော်တက်သည့် ဇာတ်မျိုးတွင် ဇာတ်လမ်းဇာတ်ကွက်သရုပ်ဖော်တင်ဆက်မှုအသေးစိတ်ကို ကြည့်ရှုနားစိုက်သောတဆင်ခဲ့ကြရသည်။ ဇာတ်ဝင်ခန်းများတွင် ဝန်ကြီးများအဖြစ်သရုပ်ဆောင်သည့် အနုပညာရှင်များက ရာဇသတ်၊ ဓမ္မသတ်အုပ်ချုပ်ရေးဆိုင်ရာကျမ်းစာပေများကို ရွတ်ဆိုကြသောအခါ အုပ်စိုးသူဘုရင်နှင့် မှူးမတ်များက အထူးဂရုစိုက်သောတဆင်ကြရသည်။ ဘုရင့်ညီလာခံ သရုပ်ဖော်ဇာတ်ဝင်ခန်းတွင် ဝန်ကြီးများ၊ အမတ်များ ဆွေးနွေးပုံမှာ စာပေကျမ်းဂန်များမှ အနှစ်သာရများစွာပါရှိသဖြင့် ဝန်ကြီးများကိုယ်တိုင် ဝန်ကြီးအဖြစ် သရုပ်ဆောင်ကြသည့် အနုပညာရှင်များထံမှ စာပေအနှစ်သာရများကို သွားရောက်ကူးယူမှတ်သားကြရသည်ဟု သဘင်ဝန်ဦးနု၏ သဘင်မှတ်တမ်းစာများတွင် လေ့လာတွေ့ရှိရသည်။

ထို့ကြောင့် ကုန်းဘောင်ခေတ်က စာပေဂီတအနုသုခုမသဘင်တို့သည် တိုင်းရေးပြည်ရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး၊ စီးပွားရေး၊ လူမှုရေး၊ တည်ငြိမ်အေးချမ်းသာယာရေး စသည်တို့ကို ဘုရင်ကြားသိစေရန် တင်ပြလျှောက်ထား သတိပေးအစီရင်ခံသည့်သဘော သက်ရောက်ခဲ့ခြင်းဖြစ်သဖြင့် ဖြေဖျော်ရေးတစ်ခုတည်းသက်သက် လုံးဝမဟုတ်ဘဲ တိုင်းကျိုးပြည်ပြု၊ ပြည်သူ့အကျိုးပြု အနုပညာအဖြစ်ရပ်တည်နိုင်ခဲ့သည်ကို ဂုဏ်ယူလေးစားဖွယ်တွေ့မြင်ရပါသည်။ သာဓကအားဖြင့် လွတ်လပ်ရေးရပြီးခေတ်တွင် သဘင်အကျော်အမော် ပညာရှင်ကြီးအလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ဗုဒ္ဓဝင်ဇာတ်များ၏ ဇာတ်ဝင်ခန်းအသီးသီး၌ ဇာတ်စာပေများကို ခရားရေလွှတ် တတွတ်တွတ် နှုတ်တိုက်ရွတ်ဆိုပြသွားသည့် အသံသရုပ်ဆောင်ပုံတို့မှာ သုတရော ရသပါ နားဝင်ပီယံရှိသကဲ့သို့ ဖြစ်ပါသည်။

**တိုင်းကျိုးပြည်ပြုနှင့် ပြည်သူ့အကျိုးပြုအနုပညာ**

အမျိုးသားရိုးရာယဉ်ကျေးမှုဟူသည် လူမျိုးတိုင်း၏ နှလုံးသည်းပွတ်ပင်ဖြစ်သည်။ လူသားသည် မည်၍မည်မျှခွန်အားဗလ ကောင်းနေစေကာမူ နှလုံးသည်းပွတ် ချို့ယွင်းနေပါက အသက်ရှင်သန်နေနိုင်မည်မဟုတ်ပါ။ ထို့အတူ နိုင်ငံတစ်နိုင်ငံ၌ မည်မျှပင် သယံဇာတကြွယ်ဝစေကာမူ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းနေလျှင် လူမျိုးပါတိမ်ကောပျောက်ကွယ်သွားစေနိုင်သည်။

စာမျက်နှာ ၁၁ သို့ ✻

**❛ကုန်းဘောင်ခေတ်က စာပေဂီတ အနုသုခုမသဘင်တို့သည် တိုင်းရေးပြည်ရေး၊ အုပ်ချုပ်ရေး၊ သာသနာရေး၊ စီးပွားရေး၊ လူမှုရေး၊ တည်ငြိမ်အေးချမ်းသာယာရေး စသည်တို့ကို ဘုရင်ကြားသိစေရန် တင်ပြလျှောက်ထား သတိပေးအစီရင်ခံသည့်သဘော သက်ရောက်ခဲ့ခြင်းဖြစ်သဖြင့် ဖြေဖျော်ရေးတစ်ခုတည်းသက်သက် လုံးဝမဟုတ်ဘဲ တိုင်းကျိုးပြည်ပြု၊ ပြည်သူ့အကျိုးပြု အနုပညာအဖြစ် ရပ်တည်နိုင်ခဲ့သည်ကို ဂုဏ်ယူလေးစားဖွယ် တွေ့မြင်ရပါသည်။ သာဓကအားဖြင့် လွတ်လပ်ရေးရပြီးခေတ်တွင် သဘင်အကျော်အမော်ပညာရှင်ကြီး အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ဗုဒ္ဓဝင်ဇာတ်များ၏ ဇာတ်ဝင်ခန်းအသီးသီး၌ ဇာတ်စာပေများကို ခရားရေလွှတ်တတွတ်တွတ် နှုတ်တိုက်ရွတ်ဆိုပြသွားသည့် အသံသရုပ်ဆောင်ပုံတို့မှာ သုတရော ရသပါ နားဝင်ပီယံရှိသကဲ့သို့ဖြစ်❜**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော် သီတင်းကျွတ်လပြည့်နေ့တွင် စတင်ဖွင့်လှစ်မည်



**ကျိုက်ထို အောက်တိုဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အား ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ (အောက်တိုဘာ ၁၇ ရက်) တွင် စည်ကားသိုက်မြိုက်စွာ စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်မည်**

အဆိုပါ ဗုဒ္ဓပူဇနိယပွဲတော်အား (အောက်တိုဘာ ၁၇ ရက်) သီတင်းကျွတ်လပြည့်နေ့မှ (၂၀၂၅ ခုနှစ် မေ ၁၁ ရက်) ၁၃၈၇ ခုနှစ် ကဆုန်လပြည့်နေ့ထိ ခုနစ်လ တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်သွားမည် ဖြစ်သည်။

ဘုရားသို့ လာရောက်ဖူးမြော်သူများ အဆင်ပြေချောမွေ့စွာ တောင်တော်ပေါ် တက်ရောက်နိုင်ရန် တောင်တက်ကားအစီး ၁၅၀ နေ့စဉ်ပြေးဆွဲပေး မည်ဖြစ်ကြောင်း၊ တောင်ပေါ်တွင် စားသောက်ရေး၊ တည်းခိုနေထိုင်နိုင်ရေးအတွက် တည်းခိုဆောင်များ၊ ထမင်းဆိုင်များနှင့် အမှတ်တရ အရောင်းဆိုင်များကိုလည်း ကြိုတင် ပြင်ဆင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆံတော်ရှင် ကျိုက်ထီးရိုးဂေါပကအဖွဲ့မှ သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

✻ စာမျက်နှာ ၁၀ မှ

ထို့ကြောင့် နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုကို နိုင်ငံသားတိုင်း ပြုစုပျိုးထောင်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားရန် အမျိုးသားရေး တာဝန်တစ်ရပ်ရှိနေပါသည်။

ယဉ်ကျေးမှုဆိုရာတွင် ခေတ်၏အခြေအနေ၊ လူတို့၏ဆင်ယင် ထုံးဖွဲ့မှု၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ စသည့်လက်မှုအနုပညာ ရပ်များ၊ အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာ၊ အတွေးအခေါ်၊ အမြော်အမြင်၊ ရိုးရာဓလေ့ထုံးစံများ၊ ဘာသာအယူဝါဒ၊ ယုံကြည် ကိုးကွယ်မှုများအပြင် လူနေမှုစနစ် စသည်တို့ပါဝင်ကြသည်။ စာပေ၊ ပန်းချီ၊ ပန်းပု၊ ဆင်ယင် ထုံးဖွဲ့မှုတို့သည် အနုပညာဖြစ်၍ အဆို၊ အက၊ အရေး၊ အတီးပညာတို့မှာ သုခုမပညာဖြစ်သည်ဟု ယဉ်ကျေးမှု သုတေသီတို့က သတ်မှတ်ထားကြသည်။

ကုန်းဘောင်ခေတ် သာယာဝတီမင်းလက်ထက်တွင် ဂီတအနုသုခုမ သဘင်ပွဲများသည် နန်းတော်အသိုက်အဝန်း၌သာမက နိုင်ငံတစ်ဝန်းလုံး လှည့်လည်ကပြခဲ့ရာ ဂီတအနုသုခုမပညာသည် ပြည်သူအားလုံး ပိုင်ဆိုင်သည့် မြန်မာ့အနုပညာ ပုံသဏ္ဌာန်ရော အနှစ်သာရပါ ပြောင်းလဲ လာခဲ့သည်ကို မြင်တွေ့ရသည်။ မြေဝိုင်းအကသဘင်ကို လာရောက် ကြည့်ရှုသည့်ပရိသတ်သည် မြေပြင်ပေါ်တွင် ဝိုင်းထိုင်၍ကြည့်ရှုခံစား ရသောကြောင့် မြေဝိုင်းဇာတ်ဟူ၍ စတင်ခေါ်ဝေါ်သတ်မှတ်သုံးစွဲခဲ့ကြ သည်။ ဇာတ်သဘင်များ၏ အစနိဒါန်းဖြစ်သော ထိုမြေဝိုင်းအကသည် မြို့ပြသာမက ကျေးလက်တောရွာအဖွဲ့နှင့်ပြည်သူများကြည့်ရှုအားပေး ခဲ့သောကြောင့် ပရိသတ်နှင့်ပထမဦးဆုံး တိုက်ရိုက်ထိတွေ့ဖြေဖျော် တင်ဆက်ရသော ပြည်သူ့အနုပညာ တစ်ရပ်ဖြစ်လာခဲ့သည်။

ပဒေသရာဇ်ခေတ်ကာလကတည်းကပင် မြန်မာ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရှင်တို့၏ ထီးသုံး၊ နန်းသုံး၊ ကြငှန်း သုံးဆိုင်ရာအဖွဲ့အန္တဲ့ သီကုံးစပ်ဆိုကပြခြင်းတို့မှ ခွဲထွက်ကာ အခြေခံလူတန်းစားဖြစ်သည့် တောင်သူလယ်သမားတို့မှာ မြန်မာ့ လယ်ယာအလှ ဝေဝေဆာနေအောင် စိုက်ပျိုးကုန်ထုတ်အလုပ်လုပ်သူ ကျေးဇူးရှင်များဖြစ်ကြရာ အနုပညာဖြင့်အလုပ် အကျွေးပြုတင်ဆက် သည်မှာ ပြည်သူ့အနုပညာရှင် ပီသလှပါသည်။

အချုပ်ဆိုပါလျှင် စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အနုပညာရှင်တို့၏ ဖန်တီးတင်ဆက်မှုတို့မှာ သုတရော ရသပါ နှစ်ဖြာနှစ်ဝပြည့်ဝသည့် သရုပ်မှန်အနုပညာကို ပရိသတ်ပြည်သူတို့ ခံစားရခြင်းကြောင့် "ဇာတ်သမားလာလျှင် မှတ်သားစရာပါမည်၊ ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်"၊ "ဂီတသာ လျှင် လူမျိုးသာ၍ ဂီတချာလျှင် လူမျိုးချာမည်" ဟူသောခံယူချက်ကို အနုပညာရှင်တိုင်း ဦးထိပ်ပန်ဆင် ၍ ဖြေဖျော်တင်ဆက်ကြရမည်ဖြစ်ပါသည်။ တစ်ရံတစ်ခါမျိုးတွင် ဇာတ်ပို့လွန်ကဲမှု သို့မဟုတ် သရုပ်ဆောင်လွန်ကဲမှု၊ မဖွယ်မရာ ရသဖန်တီးမှုတို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရကို ထိပါး ထိခိုက်သော သရုပ်ပျက်အနုပညာနယ်ပယ်သို့ ရောက်ရှိသွားသည်များ လည်း ရှိတတ်ပါသည်။

မည်မျှပညာပေးရန် ဦးတည်ချက်ကောင်းနေ စေကာမူ တင်ပြပုံ၊ သရုပ်ဖော်တင်ဆက်ပုံတို့မှာ မမှန်ကန်၍ အံချော်နေခြင်းမျိုးလည်း ဖြစ်သွားတတ်ပါသည်။ သရုပ်ဖော်ရာတွင် လွန်ကဲမှုအစွန်းတရားများ ကြောင့် မှိန်ပြစ်ရမည့်ဇာတ်ဝင်ခန်းများကို မီးမောင်းထိုးပြ အသားပေး အမွှမ်းတင် တင်ဆက်နေသည့်သဘောမျိုး သက်ရောက်သွားတတ်ပါ သည်။

တစ်ခါတစ်ရံ မြန်မာ့ယဉ်ကျေးမှုကို အနောက်တိုင်းယဉ်ကျေးမှုနှင့် နှိုင်းယှဉ်ပြနေရာမှ အနောက်တိုင်းယဉ်ကျေးမှုကို အားပေးလက်ခံ ဝါဒဖြန့် ကြော်ငြာပေးနေသကဲ့သို့ ဖြစ်သွားတတ်သည်ကို အနုပညာရှင် တိုင်း သတိပြုသင့်ပါသည်။

ပြည်သူချစ်သော အနုပညာရှင်တိုင်းသည် ပြည်သူကို အတွေးအမြင် လွဲမှားယိမ်းယိုင်သွားအောင်၊ အတုခိုးမှားရအောင်၊ ပြည်သူတို့ အနုပညာကြောင့် အဆိပ်သင့်မခံရအောင် အသိမှန်၊ အမြင်မှန်၊ ခံယူ ချက်မှန်၊ စေတနာမှန်ဖြင့် ထမင်းရှင်ပြည်သူတို့ကို သရုပ်မှန်အကျိုးပြု အနုပညာဖြင့် နိုးနိုးကြားကြား၊ ကြိုးကြိုးစားစား အလုပ်အကျွေးပြု သွားနိုင်ကြပါစေဟု လေးစားစွာဖြင့် ရေးသားဖော်ညွှန်း အပ်ပါ သတည်း။ ။

## ငွေရတုသဘင်ပွဲ

* "ဆို"မည်ကွဲ့ "ဆို"မည်၊
ဂန္ဓဝင် စံတင်တေးကို
ရွေးဆိုကြမည်၊
မူရင်းနှင့် မသွေဖည်
အခြေတည် စည်းနှင့်ဝါး။
အဆိုပြိုင် အနိုင်နွဲဖို့
အားခဲလို့ထား။

* "က"မည်ကွဲ့ "က"မည်၊
ခေါင်းခါးခြေလက် ဟန်အမျိုးမျိုးနဲ့
ကကြိုးဆင်မည်၊
နွဲ့နှောင်းလို့ ရှင်ကြည်
ယဉ်သည်ကွဲ့ညက်ညော။
စည်းဝါးညီ လျှင်မြန်သွက်
ကကွက်တွေချော။

* "ရေး"မည်ကွဲ့ "ရေး"မည်၊
ထံတျာသီ ဂီတတေးကို
ရေးဖွဲ့ကြမည်။
ငြိမ့်ညောင်းတဲ့ သံစဉ်သီ
ကာရန်ညီ တေးသား။
ရသစုံ အလင်္ကာချဲ့လို့
ရေးဖွဲ့စို့လား။

* "တီး"မည်ကွဲ့ "တီး"မည်၊
ကြေးကြိုးသားရေ လေလက်ခုပ်
တီးမှုတ်ကြမည်၊
တီးလက်နှင့် တီးကွက်ညီ
ကြည်သာလို့ နားဝင်အေး။
တူရိယာ ပစ္စည်းများနဲ့
ကျင့်ထားကွဲ့လေး။

* နွဲမည်ကွဲ့ နွဲမည်၊
ရိုးရာစံ ဘယ်ညာမတိမ်းအောင်
ထိန်းသိမ်းကြမည်၊
တို့နိုင်ငံ နယ်တစ်လွှားဆီက
ညီအစ်ကို မောင်နှမများနဲ့
တပျော်တပါး ခြိမ့်ခြိမ့်စည်
ပြည်ထောင်စု ရင်သွေးများ။
ငွေရတု သဘင်ပွဲကို
နွဲပြိုင်စို့လား။ ။

ရေနံ့သာမောင်ကျော်ညွှန့်

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ တောင်ရိုးတန်းလမ်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မော်လမြိုင် အောက်တိုဘာ ၁၂

မော်လမြိုင်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသည် ယနေ့နံနက်ပိုင်းတွင် တောင်ရိုးတန်းလမ်း ဦးခန္တီဘုရားရှေ့ View Point အနီးပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် ပြည်နယ်ဝန်ကြီးများက လာရောက်ကြည့်ရှုအားပေးကြသည်။

**မှာကြား**

မော်လမြိုင်မြို့နယ် တောင်ရိုးတန်းလမ်းသည် အများပြည်သူများ စိတ်အပန်းဖြေလာရောက်သည့် နေရာဒေသဖြစ်ပြီး ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်သည့် စေတီ၊ ပုထိုးများ စုံရာနေရာဖြစ်ခြင်း၊ ကျန်းမာရေးလိုက်စားသူများ ကိုယ်လက်လှုပ်ရှားအားကစားများဆောင်ရွက်ခြင်း၊ တောင်ရိုးတန်းလမ်းတစ်လျှောက် လမ်းလျှောက်ခြင်းများ လာရောက်လုပ်ဆောင်လေ့ရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်း



သာယာလှပပြီး စိမ်းလန်းစိုပြည်စေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများ ပိတ်ဆို့မှုမရှိစေရေး၊ အများပြည်သူနှင့်သက်ဆိုင်သည့်နေရာများ သန့်ရှင်းသာယာလှပရေး အလေးထားကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြရန် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာများတွင် သန့်ရှင်းသာယာလှပစေရေး ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာကျောင်းများတွင်လည်း ကျောင်းသန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ပြုလုပ်သည့် စုပေါင်းသန့်ရှင်းရေးကို ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်း ၂၇၀ ခန့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။



**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် အပါအဝင်မြို့နယ် သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့၌ လည်းကောင်း စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ အဘိတ်ဆေး ခတ်ပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သံလွင်လမ်းမကြီးမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအဝင် လမ်းဘေးဝဲ/ယာ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ မိုင်းယန်းမြို့နှင့် မိုင်းယောင်းမြို့တို့ရှိပြည်သူ့ဆေးရုံများ၌ လည်းကောင်း နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် မဟာကုသိုလ်တော်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၅၀၊ သာသနာ့နွယ်ဝင်သီလရှင် ၉၈ ပါးနှင့် ဒေသခံပြည်သူ ၅၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒိုက်ဦးမြို့နယ် စစ်ဘိုကြီးကျေးရွာ၌ အထူးကုဆရာဝန်ကြီးများနှင့် ဆေးအဖွဲ့များ ကွင်းဆင်းဆေးကုသပေး

ဒိုက်ဦး အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး ဒေါက်တာသီဟနှင့် ခရိုင်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာစောကလျာ ဦးဆောင်သော ဒိုက်ဦးမြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမိုးမိုးအေးနှင့် အထူးကုဆရာဝန်များ၊ တိုက်နယ်ဆရာဝန်များ၊ လက်ထောက်ဆရာဝန်၊ သွားဆရာဝန်၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ဆေးအဖွဲ့များ



သည် ယမန်နေ့နံနက် ၉ နာရီက ဒိုက်ဦးမြို့နယ် စစ်ဘိုကြီးကျေးရွာ၌ ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် စစ်ဘိုကြီးကျေးရွာရှိဒေသခံပြည်သူ အမျိုးသား ၈၅ ဦး၊ အမျိုးသမီး ၁၅၀ စုစုပေါင်း ၂၃၅ ဦး၊ ဓာတ်မှန်ရိုက်သူ ၂၀ နှင့် Ultrasound ရိုက်သူ ၂၆ ဦး၊ သလိပ်စစ်ဆေးသူ သုံးဦး၊ သွေးစစ်ဆေးသူ ၁၄ ဦး၊ သွားစစ်ဆေးသူ ၂၂ ဦးတို့အား ဆေးဝါးအခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**



# တီးတိန်မြို့၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တီးတိန် အောက်တိုဘာ ၁၂**

ချင်းပြည်နယ် တီးတိန်မြို့၌ ယနေ့နံနက်ပိုင်းက မြို့မကမ်းဟောက်လမ်းတွင် လမ်းဘေးဝဲ/ယာရှိ ချုံနွယ်မြက်ပင်များကို ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် အဖွဲ့ဝင်များက ဦးဆောင်၍ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**မိုမိုး**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၂**

ရေဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အီရန်သမ္မတ မာဆော့ပီဇက်ရှ်ကီရန်တို့ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရန် သဘောတူညီ

မော်စကို အောက်တိုဘာ ၁၂

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အီရန်သမ္မတ မာဆောင့်ပီဇက်ရှ်ကီရန်တို့သည် နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ရန် သဘောတူညီခဲ့ကြောင်း သိရသည်။

ခေါင်းဆောင်နှစ်ဦးတို့သည် အောက်တိုဘာ ၁၁ ရက်က တာ့ခ်မင်နစ္စတန်နိုင်ငံ မြို့တော် အက်ရှ်ဂါဘတ်၌ ကျင်းပသည့် နိုင်ငံတကာဖိုရမ်တွင် တွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံမှုသည် အီရန်သမ္မတ မာဆောင့်ပီဇက်ရှ်ကီရန် သမ္မတရာထူးစတင်ထမ်းဆောင်သည့် ယခုနှစ် ဇူလိုင်လမှစပြီး ပထမဆုံး လူချင်းတွေ့ဆုံမှု ဖြစ်သည်။

ရုရှားနှင့် အီရန်တို့သည် နိုင်ငံတကာ နယ်ပယ်တွင် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် ဆုံးဖြတ်ချက် ချမှတ်မှုများ တူညီကြောင်း သမ္မတ ပူတင်က ပြောကြားသည်။

နှစ်နိုင်ငံ ဆက်ဆံရေးကို ဆက်လက်ခိုင်မြဲစေရန်နှင့် အပြန်အလှန် ပံ့ပိုးကူညီသင့်ကြောင်း အီရန်သမ္မတ မာဆောင့်ပီဇက်ရှ်ကီရန်က ပြောကြားသည်။

ရုရှားနိုင်ငံအလယ်ပိုင်း ကာဇန်မြို့၌ အောက်တိုဘာ ၂၂ ရက်တွင် စတင်ကျင်းပမည့် ထွန်းသစ်စနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲ (BRICS) တွင် ခေါင်းဆောင်နှစ်ဦး ထပ်မံတွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။



အမေရိကန်နှင့် ဥရောပသမဂ္ဂတို့သည် မော်စကိုနှင့် တီဟီရန်၏ ဆက်ဆံရေးကြီးထွားလာမှုအပေါ် စိုးရိမ်လျက်ရှိသည်။ ကိုးကား - အင်န်အီတီချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်




# ယခုနှစ် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆု ပရိုတိန်းဖွဲ့စည်းပုံများနှင့် ပရိုတိန်းဒီဇိုင်းဖန်တီးခဲ့သည့် ဓာတုဗေဒပညာရှင်သုံးဦး ရရှိ

စတော့ဟုမ်း အောက်တိုဘာ ၁၂

ယခုနှစ် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ဓာတုဗေဒပညာရှင်သုံးဦးအား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပရိုတိန်းဖွဲ့စည်းပုံများ တွေ့ရှိမှုနှင့် ပရိုတိန်းဒီဇိုင်းဖန်တီးမှုတို့ကြောင့် ၎င်းတို့အား ယခုနှစ်အတွက် ဓာတုဗေဒ နိုဘယ်ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း နိုဘယ်ဆုချီးမြှင့်ရေးကော်မတီက ဆိုသည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တက္ကသိုလ်မှ ပရော်ဖက်ဆာ ဒေးဗစ်ဘေကာသည် ပရိုတိန်းဒီဇိုင်းများဖန်တီးခြင်းအတွက် ဆုရရှိခြင်းဖြစ်သည်။ ဗြိတိန်နိုင်ငံ Google DeepMind ဓာတ်ခွဲခန်းမှ ဒီမစ်ဟာဆာဘီနှင့် ဂျွန်ဂျမ်ပါတို့သည် ပရိုတိန်းဖွဲ့စည်းပုံများကို တွေ့ရှိမှုအတွက် ဆုချီးမြှင့်ခံရခြင်းဖြစ်သည်။

၎င်းတို့၏ တွေ့ရှိမှုများသည် အနာဂတ်အတွက် ကြီးမားသော အလားအလာများ ရှိကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ပြောကြားသည်။

၂၀၀၃ ခုနှစ်တွင် ပရော်ဖက်ဆာ ဒေးဗစ်ဘေကာသည် ပရိုတိန်းအမျိုးအစားသစ်များကို ဖန်တီးတည်ဆောက်နိုင်ခဲ့သည်။ သူနှင့် သုတေသနအဖွဲ့၏ ဖန်တီးမှုများသည် ဆေးဝါးများ၊ကာကွယ်ဆေးများ၊ဓာတုဗေဒဆိုင်ရာနာနိုအသေးငယ်ဆုံးသောပစ္စည်းများနှင့် အခြားသောအရာများ ဖန်တီးထုတ်လုပ်ရာတွင် အသုံးပြုနိုင်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် ဒီမစ်ဟာဆာဘီနှင့် ဂျွန်ဂျမ်ပါတို့သည် AlphaFold ဉာဏ်ရည်တုစနစ်ကို တီထွင်ခဲ့သည်။ ၎င်းသည် ပရိုတိန်းများ၏ ရှုထောင့်သုံးမျိုးပါဝင်သည့် ဖွဲ့စည်းပုံကို ဖန်တီးပေးကြောင်း သိရသည်။

နိုင်ငံပေါင်း ၁၉၀ ကျော်မှ ပြည်သူနှစ်သန်းကျော်သည် ပဋိဇီဝဆေးယဉ်ပါးမှုကို လေ့လာခြင်းနှင့် ပလတ်စတစ်ကို ပြိုကွဲစေသည့်နည်းလမ်းများ ရှာဖွေခြင်းကဲ့သို့သော အသုံးချပရိုဂရမ်များအတွက် အဆိုပါ AlphaFold ဉာဏ်ရည်တုစနစ်ကို အသုံးပြုလျက်ရှိသည်။

ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုချီးမြှင့်ရေးကော်မတီက ၎င်းတို့သုံးဦးသည် ဇီဝဓာတုနှင့် ဇီဝဗေဒဆိုင်ရာ သုတေသနခေတ်သစ်ကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း ပြောကြားသည်။

ကိုးကား - အင်န်အီတီချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# ဇမ်ဘီယာနိုင်ငံ၌ ပထမဆုံးသော မျောက်ကျောက်ရောဂါကူးစက်ခံရသူတစ်ဦး စစ်ဆေးတွေ့ရှိ

လုဆာကာ အောက်တိုဘာ ၁၂

ဇမ်ဘီယာနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ တစ်ဦးကို အောက်တိုဘာ ၁၀ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့ကြောင်းနှင့် အဆိုပါတွေ့ရှိမှုသည် နိုင်ငံအတွင်း၌ ပထမဆုံးသော မျောက်ကျောက်ရောဂါ ကူးစက်ခံရမှု ဖြစ်ကြောင်း ဇမ်ဘီယာကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

**သွားရောက်လည်ပတ်**

မျောက်ကျောက်ရောဂါ ကူးစက်ခံရသူသည် တန်ဇန်းနီးယားနိုင်ငံသားဖြစ်ပြီး မြောက်ပိုင်းနယ်စပ်မြို့ နာကွန်ဒီမှတစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်ကာ အလယ်ပိုင်းပြည်နယ်ရှိ ချစ်တမ်ဘိုမြို့သို့ သွားရောက်လည်ပတ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး အီလီဂျက်မူချီမာက ပြောကြားသည်။

အဆိုပါလူနာသည် ကြွက်သားကိုက်ခဲခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် လည်ချောင်းနာခြင်းစသော လက္ခဏာများကို ခံစားနေရပြီး ၎င်း၏သွေးနမူနာများကို စစ်ဆေးကြည့်ရာ မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း ကျန်းမာရေးဝန်ကြီး မူချီမာက ဆက်လက်ပြောသည်။

လက်ရှိတွင် ၎င်းအား ဒေသန္တရဆေးရုံတွင် ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရောဂါကူးစက်ခံရသူနှင့် ထိတွေ့ဆက်ဆံသူများကိုလည်း ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စောင့်ကြည့်လျက်ရှိကြောင်းနှင့် မျောက်ကျောက်ရောဂါ ဖြစ်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူ့ကျန်းမာရေးဌာနအားလုံးကို လိုအပ်သည့်အစီအမံများ ညွှန်ကြားထားပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး မူချီမာက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်




# ဂါဇာကမ်းမြောင်အလယ်ပိုင်းတွင် ပိုလီယိုကာကွယ်ဆေး ဒုတိယအကျော့တိုက်ကျွေးမှု အောက်တိုဘာ ၁၄ ရက်တွင်စတင်မည်

ဂျေရုဆလင် အောက်တိုဘာ ၁၂

ဂါဇာကမ်းမြောင် အလယ်ပိုင်းတွင် ပိုလီယိုကာကွယ်ဆေး ဒုတိယအကျော့ တိုက်ကျွေးမှုကို အောက်တိုဘာ ၁၄ ရက်မှစပြီး သုံးရက် သို့မဟုတ် လေးရက်ကြာ ပြုလုပ်ရန် စီစဉ်ထားကြောင်း ဂါဇာ အခြေစိုက်ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။

ဒုတိယအကြိမ် ကာကွယ်ဆေးတိုက်ကျွေးမှုအတွင်း ဂါဇာကမ်းမြောင်ဒေသရှိ အသက် ဆယ်နှစ်အောက် ကလေးငယ် ၅၉၁၇၀၀ ခန့်ကို ဒုတိယအကြိမ် ကာကွယ်ဆေး တိုက်ကျွေးမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

**အနည်းဆုံး နှစ်ကြိမ်တိုက်ကျွေးရန်လို**

ပိုလီယို ဗိုင်းရပ်စ်ကူးစက်မှုကို ဟန့်တားရန်အတွက် ပိုလီယိုကာကွယ်ဆေးကို အနည်းဆုံး နှစ်ကြိမ်တိုက်ကျွေးရန် လိုအပ်ကြောင်း ၎င်းကဆိုသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးအာဏာပိုင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ပါလက်စတိုင်း ဒုက္ခသည်များအတွက် ကုလသမဂ္ဂ ကယ်ဆယ်ရေးနှင့် လုပ်ငန်းအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းပြီး ကာကွယ်ဆေးတိုက်ကျွေးမှုအစီအစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဂါဇာကမ်းမြောင် ဒေသတွင် စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ အရေးပေါ်ကာကွယ်ဆေး ပထမအကျော့တိုက်ကျွေးမှုကို အသက် ဆယ်နှစ်အောက် ကလေး ၅၆၀၀၀၀ ခန့် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ဘရာဇီးနိုင်ငံ၌ ယခုနှစ်ပထမကိုးလအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တော ဧရိယာပေါင်း ဟက်တာ ၂၂ ဒသမ ၃၈ သန်းပျက်စီးဆုံးရှုံး

ရီယိုဒီဂျနေးရိုး အောက်တိုဘာ ၁၂

ဘရာဇီးနိုင်ငံ၌ ယခုနှစ်ပထမကိုးလအတွင်း တောမီးလောင်ကျွမ်းမှုကြောင့် သစ်တော ဧရိယာပေါင်း ဟက်တာ ၂၂ ဒသမ ၃၈ သန်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း MapBiomas စောင့်ကြည့်ရေးကွန်ရက်၏ အောက်တိုဘာ ၁၁ ရက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

စက်တင်ဘာလအတွင်း ဟက်တာ ၁၀ ဒသမ ၆၅ သန်း မီးလောင်ကျွမ်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

နိုင်ငံအတွင်းရှိ ပြည်နယ်များအနက် မြောက်ပိုင်းဒေသရှိ မာတိုဂရိုဆို၊ ပါရာနှင့် တိုကန်တင်စ်ပြည်နယ်များသည် တောမီးလောင်ကျွမ်းမှုဒဏ်ကို အများဆုံးခံခဲ့ရကြောင်း သိရသည်။

ထို့ပြင် အမေဇုန်ဒေသသည် မီးဘေးဒဏ် အခံရဆုံးနေရာဖြစ်ပြီး ဟက်တာ ၁၁ ဒသမ ၃ သန်း မီးလောင်ကျွမ်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၈၄၉၂၀၀) ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၀၇၁၀၄၆) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၉၇၆၀၂၄၆) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ လွန်းညမှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၃၁၄၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၀၀၀၀၀၀)ကိုလည်းကောင်း၊ ၁၆(မိုင်) ကျောက်ချောစစ်ဆေးရေးစခန်း၌ တန့်ယန်းမြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၃၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) ကိုလည်းကောင်း၊ ပလိပ်မြို့ မြို့အဝင်စစ်ဆေးရေးဂိတ်အနီး၌ ရပ်တန့်ထားသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၃၀၊ လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၆၇၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စဉ့်ကိုင်တိုးဂိတ်အကျော်၌ နမ့်လန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၁၂၅၆၈၀၀) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၀ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ဒိုက်ဦးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Isuzu Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ အောက်တိုဘာ ၁၁ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၁၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၉၁၈၂)ကို သစ်တောဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၄၉၁၈၂) သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၇ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၃၈၆၆၂၂၈) သိမ်းဆည်းရမိခဲ့သည်။ ယနေ့သိမ်းဆည်းရမိမှုများတွင် တိရစ္ဆာန်အစားအစာ ကုန်ကြမ်းများ တရားမဝင်တင်သွင်းလာသည်ကို တွေ့ရှိရပြီး ၎င်းအရည်အသွေးမပြည့်ဝနိုင်သည့် တိရစ္ဆာန်အစားအစာများကြောင့် နိုင်ငံအတွင်းရှိ မွေးမြူရေး ဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်သကဲ့သို့ စားသုံးသူပြည်သူများအတွက်လည်း ဘေးအန္တရာယ်ကြုံတွေ့မှုများ ဖြစ်ပေါ်နိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၁၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Phone Thet Pai" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် မြို့ဟောင်းရပ်ကွက်နေ ဖုန်းသက်ပိုင်(ခ)ပိုင်ပိုင်အား မွန်းလွဲ ၃ နာရီခွဲတွင်လည်းကောင်း၊ "Chit Moe Nge" Facebookအကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကံကြီးပေါက်ကျေးရွာနေသူ ဖြိုးမာမာထွန်းအား ညနေ ၆ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၁၀-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မင်္ဂလသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | ပြည်သူအားလုံးပါဝင်လို့ သန့်ခေါင်စာရင်းကောက်ကြစို့ |
| ၀၉:၁၅ | ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်၏ဇာတ်လမ်း' (အပိုင်း-၁၁) |
| ၀၉:၃၀ | လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး |
| ၁၀:၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၀:၁၅ | 'ကူညီကမ်းဆက် ဂီတလက်ဖြင့်' ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု |
| ၁၃:၀၀ | အသိပညာနှင့်အမှန်တရား |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | 'ကူညီကမ်းဆက် ဂီတလက်ဖြင့်' ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု |
| ၁၅:၄၅ | FIFA နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (မြန်မာလက်ရွေးစင်အသင်းနှင့် သီရိလင်္ကာလက်ရွေးစင်အသင်း) |
| ၁၉:၀၅ | လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၂၀) |
| ၁၉:၄၀ | ၂၀၂၄ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ (Video Clip) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဘဝနှင့်အနုပညာ 'ရိုးရာခင်၏ဂီတစွမ်းအား' (အပိုင်း-၁) 'တေးသံရှင်ရိုးရာခင်' |
| ၂၁:၁၅ | 'ကူညီကမ်းဆက် ဂီတလက်ဖြင့်' ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှု |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Myitta Phyan Mha Lenn Senn Mal (Thida Theint) |
| 07:09 | Artistic Values & Aesthetic Traditions |
| 07:33 | Tha Khut Flowers Salad (Rakhine Style) |
| 07:45 | Skilled Performance of Traditional Myanmar Colored Glass Ball(Ep-9) |
| 08:01 | News |
| 08:26 | Topical Topics (No. 12) Minimize Disposing of Plastic Waste & Learning a Lesson from Natural Disasters |
| 08:33 | Myanmar Traditional Cart Business |
| 08:55 | Census Enumeration for National Progress |
| 09:01 | Commercial Farming to GDP Growth, Water-Spinach Grower |
| 09:22 | Today Myanmar; Myanma MSME with Productivity and Innovation (Bakery) |
| 09:34 | Dances of Myanmar: Akha Traditional Dance |
| 09:39 | Wushu Kids & Their Limit (Ep-2) |
| 09:52 | Myanmar Traditional Snacks: Sago Syrup with Sweet Potato |

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၁၀)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ဝက်အူချောင်း

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ငါးချဉ်ဟင်းရည်နှင့်ရိုးရာအထောင်း

**ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၈)

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သခွားစိုက်ပျိုးနည်း)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ
တစ်ခေါက်တစ်ခါအလည်ရောက်စေချင်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
တို့ရွာအလှနဲ့ရာသီစာ(အပိုင်း-၁)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ငှက်ပျောဖူးဟင်းထုပ်ပြုလုပ်နည်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၉:၅၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၂၁:၅၅ | News Desk |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'ရုရှားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို 'အဝယ်ပလောန့်' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ 'စစ်မှုထမ်းဥပဒေမကျင့်သုံးသေးတဲ့နိုင်ငံများအကြောင်း' |
| ၁၃:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အင်ဒိုနီးရှားနိုင်ငံ' |
| ၁၃:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၅) |

### MRTV FARMERS' / H TV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၀ | စနစ်တကျပန်တီးတီထွင်မြန်မာ့အထူးတန်း |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | ညှို့သည်(ဇာတ်လမ်း) |
| ၁၉:၃၀ | International Music Hits |
| ၂၂:၀၀ | Jingle Jangle: A Christmas Journey (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / H TV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၀ | Weekly Sports Info |
| ၀၇:၅၅ | Weekend News |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟားခါး အောက်တိုဘာ ၁၂**

ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ချင်းပြည်နယ် ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လျာထားလုပ်ငန်းများ ပြုစုတင်ပြနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၄)ကို ယမန်နေ့ မွန်းလွဲပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လျာထားရာတွင် ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် အလေးထားလျာထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ လျာထားရာတွင်လည်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ စိစစ်တင်ပြချက် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦးနှင့် ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်တို့က လုပ်ငန်းဆပ်ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်ရန်လျာထားနိုင်ရေးလုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ လမ်းတံတားနှင့် အဆောက်အဦ ဖွံ့ဖြိုးရေး လုပ်ငန်းဆပ်ကော်မတီ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းဆပ်ကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်း ဆပ်ကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သယံဇာတလုပ်ငန်းဆပ်ကော်မတီ၊ သာသနာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းဆပ်ကော်မတီ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လူမှုဝန်ထမ်းနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းဆပ်ကော်မတီနှင့် စွမ်းအင်နှင့်လျှပ်စစ်ဓာတ်အားလုပ်ငန်းဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများဖြစ်ကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားနိုင်ရေးလုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆပ်ကော်မတီအတွင်းရေးမှူးများ၏ တင်ပြချက်များအပေါ် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်၊ ပြည်နယ်အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဖြည့်စွက်ဆွေးနွေးပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်က ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ပြည်တွင်းဆီစက်လုပ်ငန်းရှင်များက မြေပဲဆီများ လွတ်လပ်စွာရောင်းချ

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းကကြီးမှူး၍ ပြည်တွင်းဆီစက်များ ဈေးရောင်းပွဲတော်ကို အောက်တိုဘာ ၁၂ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရှေ့တွင်ပြုလုပ်ရာ အများပြည်သူတို့က လွတ်လပ်စွာ စိတ်ကြိုက်ဝယ်ယူကြသည်။

မြန်မာနိုင်ငံဆီစက်ပိုင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက "စားသုံးဆီကို ပြည့်ဝစွာထုတ်လုပ်နိုင်ပါတယ်။ ပိုလျှံလာတဲ့ အခါ ပြည်ပကို တင်ပို့သွားမှာပါ။ အခြေခံ ကုန်ကြမ်းမြေပဲကို တောင်သူတွေက စရိတ်ကျေပြီး အမြတ်အစွန်းရရှိမှသာ ဆက်ပြီး စိုက်ပျိုးကြမှာပါ။ အမြတ်မရရင်တော့ အခြား သီးနှံကို ပြောင်းလဲစိုက်ပျိုးကြလိမ့်မယ်။ အဲဒီ အခါ ကုန်ကြမ်းပြတ်လပ်သွားနိုင်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးက ဆီစက်လုပ်ငန်းရှင်ကိုးဦးက ဒီပွဲမှာ လာရောက်ရောင်းချပါတယ်။ မြေပဲဆီ တစ်ပိဿာကို ငွေကျပ် ၁၅၀၀၀၊ ၅၀ ကျပ်သားကို ငွေကျပ် ၇၅၀၀ နဲ့ လိုသလောက် ရောင်းချပေးနေတယ်"ဟု ပြောသည်။

အဆိုပါ ဈေးရောင်းပွဲကို အောက်တိုဘာ ၁၂ ရက်မှ ၁၄ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လွတ်လပ်စွာရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# ကံမမြို့နယ်၌ ဆန်၊ ဆီနှင့် ဆေးဝါးများ ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေး

**ကံမ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့၌ စည်ပင်သာယာမြို့မဈေးအတွင်းနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဆန်ဆိုင်များ၊ ကုန်စုံဆိုင်များနှင့် အိမ်သုံးဆေးဝါးဆိုင်များတွင် ဆန်၊ ဆီနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးကို ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့နံနက် ၁၀ နာရီက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြသည်။



ထိုသို့စစ်ဆေးရာ၌ ဆန်အရောင်းဆိုင်များတွင် သင့်တင့်မျှတသည့် ဈေးနှုန်းများဖြင့် ဈေးကွက်အတွင်း ရောင်းချမှု ရှိ၊ မရှိ၊ ကုန်စုံဆိုင်များတွင် ပုစွန်နှစ်ကောင်အမှတ်တံဆိပ် စားအုန်းဆီများ၊ "အဖွားလက်ရာ" အမှတ်တံဆိပ်ပါ အသားဟင်း၊ ငါးဟင်း စည်သွတ်ဘူးများအား ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းနှင့် ဆေးနှင့် ဆေးပစ္စည်းအရောင်းဆိုင်များတွင် ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း၊ ပစ္စည်းပြတ်လပ်မှု ရှိ၊ မရှိ၊ သက်သာသော ဈေးနှုန်းဖြင့် စားအုန်းဆီရောင်းချပေးနေသည့် ဆိုင်များအား အဆိုပါ စားသုံးဆီများ၏ အရည်အသွေးနှင့် ရောင်းချသည့်ဈေးနှုန်းတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

# မော်လမြိုင်ကျွန်းမြို့နယ်၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်းအောက်တိုဘာ၁၂**

ဧရာဝတီတိုင်း ဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိမဟာဆောင်ခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်က အဖွင့်အမှာစကား ပြောကြားသည်။




ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ယဉ်ဆွေဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မာမူနှင့် မြို့မိမြို့ဖများက စာပေပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ရရှိကြသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

# ကော့ကရိတ်မြို့၌ စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**ကော့ကရိတ် အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြို့နယ်အထွေထွေစီမံအုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်ကာ ရပ်ကွက်/အုပ်ချုပ်ရေးမှူးများနှင့်အတူ စားသုံးဆီများကို မိဘပြည်သူများ သက်သာသောဈေးနှုန်းများဖြင့် အဆင်ပြေချောမွေ့စွာ ဝယ်ယူရရှိနိုင်စေရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့တွင် ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ စားသုံးဆီများကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချရာတွင် တစ်ရပ်ကွက်လျှင် စားသုံးဆီပိဿာချိန် ၁၁၀၊ အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၈၀၀၀ နှုန်း၊ အိမ်ထောင်စုအလိုက် တန်းစီစနစ်ဖြင့် စတင်ရောင်းချပေးလျက်ရှိပြီး နောက်ရက်များတွင်လည်း ရပ်ကွက်များအလိုက် စားသုံးသူပြည်သူများအား လိုက်လံရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပမ္မတီးအနောက်မြောက်ကွင်းအတွင်း ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၁၂**

ကချင်ပြည်နယ်၌ ဒေသတွင်းစားရေရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများဖြင့် တောင်သူများထံ ရင်းနှီးမတည်ပေးပြီး စနစ်တကျစီမံဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မြစ်ကြီးနားမြို့ ပမ္မတီးအနောက်မြောက်ကွင်းအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ဒုတိယနှစ်စက်ဝန်းမှ ရင်းနှီးမတည်ငွေကျပ်သန်း ၁၂၀ ဖြင့် ဘက်စုံစိုက်ပျိုးမွေးမြူရေး လုပ်ငန်းဖြစ်သည့် ပေါင်းစည်းလယ်ယာ (Integrated Farm)အဖြစ် ဆောင်ရွက်လျက်ရှိသည့် တောင်သူ ဦးမာယော်၏ ခြံ၌ ဒေသနွားများနှင့် ဘရာမင်နွားများ မွေးမြူဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများ၊ ဝက်ခြံအတွင်း ကိုယ်တိုင်သားဖောက်၍ စီးပွားဖြစ်ရောင်းချလျက်ရှိသည့် အသားတိုးဝက်များ မွေးမြူဖြစ်ထွန်းမှု အခြေအနေများနှင့် ငါးကန်အတွင်း ငါးများမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါခြံဝင်းအတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းအဖြစ် ကန်စွန်းရွက်စိုက်ခင်း၊ သခွားသီးပင်များ၊ တိုင်ထောင်ပဲပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ငရုတ်၊ ခရမ်းချဉ်သီး သီးနှံများစိုက်ပျိုးနိုင်ရေး မြေယာထွန်ယက်ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ရုံးပတီသီးစိုက်ခင်း၊ ဖူးစားပြောင်းစိုက်ခင်းများအတွင်း ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေး စီစဉ်ဆောင်ရွက်ပေးထားမှုနှင့် စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို လည်းကောင်း၊ ခြံလှောင်စနစ်ဖြင့် ဒေသဆိတ်များမွေးမြူထားရှိမှု အခြေအနေများကို လည်းကောင်း၊ ဖရုံသီးစိုက်ခင်းနှင့် မုန်လာဥစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှု၊ စီးပွားဖြစ်ရောင်းချနိုင်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**ထောက်ပံ့ပေးအပ်**

ယင်းနောက် အဆိုပါစိုက်ပျိုးရေးခြံအနီး ကချင်ပြည်နယ် သမဝါယမအသင်းစုချုပ်လီမိတက်ပိုင် အသားတိုးဝက်မွေးမြူရေးခြံနှင့် ဆီစက်လုပ်ငန်းရုံအတွင်း ဒေသထွက် မုန်ညင်းဆီကြိတ်ခွဲထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများအတွက် တောင်သူများထံ မွေးမြူရေးအထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးများ၊ ဝက်ငယ်လေးများအတွက် ဖြည့်စွက်အစာအိတ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ခုရှိရာ အောက်တိုဘာ၁၂ ရက်၌ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၄၇ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၃၃ ပေ လျော့နည်းခဲ့ခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါးလေးချပ် ထောင်ထားသည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ် စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

သတင်းစဉ်

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ ၁၂-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ နေပြည်တော်

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၂.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၂၇၀၀၅ | ၆၂၆.၈၆ | ၅၆၄၂၈၉ | ၁၃၈၆၅ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၄၇ | ၁၄၃၅၂ | - | ၆၂၇.၁၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၇ | ၆၂၆.၀၅ | ၂၇၃၀၅ | - | ၈.၉၅ | ၉၁၉၅ | - | - | - | ၆၂၆.၀၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၂၂၅ | ၅၁၉.၀၅ | ၈၉၁၇၇ | ၃၂၁ | ၀.၉၅ | ၂၅၉၃ | - | - | - | ၅၁၉.၁၀ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၄၅ | ၁၀၄၂၆ | ၇ | ၂.၅၅ | ၁၈၃၁ | - | - | - | ၅၀၉.၅၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၂၁ | ၄၃၈.၅၇ | ၇၁၇၁၀ | ၃၃၉ | ၀.၄၃ | ၁၂၉၀ | - | - | - | ၄၃၈.၆၈ |
| ၆ | လေလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၉ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၂၅ | ၇၇၃၀ | ၈ | ၁.၇၅ | ၉၈၈ | - | - | - | ၄၁၆.၂၉ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၆၅ | ၇၀၃.၆၀ | ၁၀၇၉၇၃ | ၂ | ၆.၄၀ | ၃၅၁၁၇ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂၂ | ၈၆၃.၉၀ | ၁၀၃၆၆ | ၇၁ | ၆.၁၀ | ၄၂၃၄ | - | - | - | ၈၆၄.၀၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၄)ချပ် ထောင်ထားပါသည်။

# အသိ၊ သတိဖြင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ကျော်လွှားမယ်

ဇော်(ဘူမိ)

တောင်တရုတ်ပင်လယ်တွင်ဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံကို ဝင်ရောက်တိုက်ခတ်ခဲ့သော Yagi (ရာဂီ)တိုင်ဖွန်းမုန်တိုင်း၏အရှိန်နှင့် ၎င်း၏ နောက်ဆက်တွဲမိုးတိမ်တိုက်များကြောင့် မြန်မာနိုင်ငံတွင်လည်း စက်တင်ဘာလ ၁၀ ရက်နေ့မှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး စက်တင်ဘာလ ၁၁ ရက်နေ့တွင် ရေကြီးရေလျှံခြင်းနှင့် ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။ လမ်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်း၊ လူနေအိမ်၊ ရုံး/ဌာနအဆောက်အအုံ၊ စာသင်ကျောင်းနှင့် အခြားအဆောက်အအုံများ ရေဝင်နစ်မြုပ်ခြင်း၊ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး လူနှင့်တိရစ္ဆာန်များ သေဆုံးဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့ပါသည်။

**တိုင်ဖွန်းမုန်တိုင်း၏ အရှိန်နှင့် နောက်ဆက်တွဲမိုးတိမ်တိုက်များ**

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါတိုင်ဖွန်းမုန်တိုင်း၏ အရှိန်နှင့် နောက်ဆက်တွဲမိုးတိမ်တိုက်များကြောင့် မိုးသည်းထန်စွာရွာသွန်းနိုင်မှုနှင့် လေပြင်းတိုက်ခတ်နိုင်မှုအခြေအနေတို့ကို မိုးလေဝသ တိုင်းတာရေးအချက်အလက်များအရ အများပြည်သူသိရှိနိုင်ရန် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယို၊ FM ၊ သတင်းစာများမှတစ်ဆင့် ကြိုတင်အသိပေးကြေညာခဲ့သော်လည်း ယခုလောက်အထိ ထိခိုက်ဆုံးရှုံးမှုဖြစ်ပွားမည်ဟု မည်သူမျှမမျှော်မှန်းမိခဲ့ပေ။ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေကို မှန်ကန်တိကျစွာ တိုင်းတာခန့်မှန်း၍ ကြိုတင်ထုတ်ပြန်နိုင်ခဲ့သော်လည်း မြန်မာနိုင်ငံရှိမြစ်ချောင်းများ၏ မြစ်ဖျားပိုင်းနှင့် အထက်ပိုင်းဒေသများတွင် မြေပြို/ တောင်ပြိုခြင်းများကြောင့် မြစ်၊ ချောင်းများရှိ ရေထုများမြင့်တက်ကာ ရေကြီးရေလျှံခြင်းများ မမျှော်လင့်ဘဲ ရုတ်ခြည်းဆိုသလို နေရာအချို့တွင် ဖြစ်ပေါ်ခဲ့ပါသည်။

ရေကြီးရေလျှံမှု သဘာဝဘေးဟာ အလွန်ပဲ လျင်မြန်တဲ့အရှိန်နဲ့ စီးဆင်းလာတာဖြစ်လို့ အချို့ဒေသတွေမှာ ရှောင်တိမ်းချိန်တောင်မရလိုက်ပါဘူး။ အိမ်တွေအလုံးလိုက် ကျွတ်ပါသွားတာမျိုး၊ လူတွေ သစ်ပင်တွေပေါ်တက်နေရတာမျိုး၊ စာသင်ကျောင်းတွေမှာ ရေဝင်လာလို့ ကျောင်းတွေပိတ်ရတာမျိုး စတဲ့ အမျိုးမျိုးသောဒုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ကြရပါတယ်။ တစ်ခါတစ်ရံ လူတွေရဲ့စိတ်ထဲမှာ ပေါ်ပေါက်လာတော့မယ့် သဘာဝဘေးတွေဟာ ငါနဲ့မဆိုင်လောက်ပါဘူးဆိုတဲ့ အတွေးတွေ ရှိနေတတ်ပါတယ်။ ဖြစ်တတ်တဲ့သဘာဝပါ။ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နဲ့တစ်ပြေးညီ မိုးလေဝသသတင်းတွေ ကြေညာပေးနေပါတယ်။ မိုးလေဝသသတင်းတွေနဲ့အတူ ကုန်းမြင့်ပေါ်မှာ နေထိုင်သူတွေ ဘယ်လိုသတိထားသင့်တယ်။ မြေနိမ့်ပိုင်းမှာ နေတဲ့သူတွေ ဘယ်လိုသတိထားသင့်တယ်ဆိုတာမျိုးပါ အသေးစိတ် ထုတ်ပြန်ပါတယ်။ ဖြစ်လာပြီးမှတော့ ဘယ်သူကိုမှအပြစ်မပြောပါဘူး။ ဒါပေမဲ့ သင်ခန်းစာတွေ ကောင်းကောင်းရလိုက်ကြပြီဖြစ်ပါတယ်။ အခုလိုမမျှော်လင့်ဘဲ ရေဘေးကြုံတွေ့ရတဲ့အချိန်မှာ နိုင်ငံတော် အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတွေရဲ့ စည်းလုံးညီညွတ်မှုအင်အားကို မြင်တွေ့ရတာကလည်း အဆိုးထဲက အကောင်းလို့ပြောချင်ပါတယ်။ ကူညီကယ်ဆယ်ရေးမှာ တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြပုံ၊ ရေဘေးသင့်ပြည်သူတွေကို စေတနာသဒ္ဓါတရားထက်သန်စွာနဲ့ ရက်ရက်ရောရော လှူဒါန်းကြပုံတွေကနေတစ်ဆင့် လူလူချင်း စာနာထောက်ထားကူညီတတ်တဲ့ မြန်မာ့စိတ်ရင်းဓလေ့စရိုက်ကို မြင်နိုင်ပါတယ်။

ဒီလို ရေဘေးသင့်ပြည်သူတွေကို ကိုယ်၊ စိတ်နှစ်ပါး ဝမ်းနည်းအားငယ်မှုတွေ မဖြစ်ရလေအောင် အားလုံးသော စေတနာရှင်၊ အလှူရှင်တွေက ဝိုင်းဝန်းကူညီနေကြတာကို တွေ့မြင်ရတော့ ရေဘေးသင့်ပြည်သူတွေကိုယ်စား ကြည့်မြင်မိသူတွေ သဒ္ဓါပွားလို့ ကျေးဇူးတင် သာခုအကြိမ်ကြိမ် ခေါ်မိစေပါတယ်။

**မြစ်ချောင်းတွေအတွင်း သဲနုန်းများပို့ချမှု များပြားလာကာ ရေကြီးရေလျှံမှုတွေ ပိုမိုဖြစ်ပေါ်**


ယခုဖြစ်စဉ်ဟာ မြန်မာနိုင်ငံမှာ မိုးကြောင့်ဖြစ်ပေါ်ခဲ့တဲ့သဘာဝဘေးတွေအနက် အဆိုးဆုံးလို့ ဆိုရလောက်အောင် ထိခိုက်ပျက်စီးခဲ့ရတာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကြောင့် သဲနုန်းတွေ ရေစီးကြောင်းအတိုင်း တဖြည်းဖြည်း စီးဆင်းဝင်ရောက်ပြီး သောင်ထွန်းခြင်းတွေနဲ့ BED Level မြင့်တက်ခြင်းတွေ ဖြစ်ပေါ်လာပြီး မြစ်ချောင်းတွေအတွင်း သဲနုန်းတွေပို့ချမှုများပြားလာကာ ရေကြီးရေလျှံမှုတွေ ပိုမိုဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါ့အပြင် တောင်ကျချောင်းအထက်ပိုင်းရှိ တောင်ကုန်းတွေမှာ မြေပြိုမှုတွေဖြစ်ပွားရာမှ ကျောက်တုံးကြီးတွေ ရေစီးနဲ့အတူ မျောပါလာတာနဲ့ စနစ်မကျသော သစ်ထုတ်လုပ်မှုတွေက ထွက်ပေါ်လာတဲ့သစ်လုံးကြီးတွေကို မြစ်၊ ချောင်းဘေးတစ်လျှောက် အလွယ်တကူ စုပုံထားရာမှ ရေစီးနဲ့အတူ အရှိန်အဟုန်နဲ့ မျောပါလာခြင်းတို့ကြောင့်လည်း ထိခိုက်ပျက်စီးမှုကို ပိုမိုများပြားစေခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ မြေမျက်နှာသွင်ပြင်အနေအထားအရ မိုးအလွန်များတဲ့အခါ အလွန်မြင့်မားတဲ့ တောင်တန်းတွေကနေ မြေနိမ့်ဒေသကို တောင်ကျရေအဖြစ် အရှိန်ပြင်းစွာစီးဆင်းပါတယ်။ ရေစီးအား ဘယ်လောက်ပြင်းလဲဆိုရင် ကြီးမားတဲ့ ကျောက်တုံးတွေကိုပဲ မျောပါနိုင်စွမ်းရှိပါတယ်။ အဆိုပါ ကျောက်တုံးတွေဟာ မြေပြို၊ တောင်ပြိုရာမှ ပေါ်ထွက်လာတဲ့ ကျောက်တုံးကြီးတွေဖြစ်ပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုနဲ့အတူ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တွေကြောင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုပြဿနာအဖြစ် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နိုင်ငံအသီးသီးမှာ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ **ရာသီဥတုပြောင်းလဲမှုကြောင့် အပူချိန်မြင့်မားလာခြင်း၊ မိုးရေချိန် ပြောင်းလဲခြင်း၊ အချို့နေရာတွေမှာ မိုးအများအပြား ရွာသွန်းပြီး အချို့နေရာတွေမှာ မိုးနည်းပါးလာခြင်းတွေ ကြုံတွေ့ရပါတယ်။** အနောက်တောင်မုတ်သုံရာသီဟာ အဝင်နောက်ကျသလို ပြန်လည်ထွက်ခွာသွားတဲ့အခါမှာတော့ စောစီးစွာ ပြန်ထွက်ပါတယ်။

**စာမျက်နှာ ၁၉ သို့**



ရေစီးနှင့်အတူ ပြိုကျပြုတ်ထွက် လိမ့်ဆင်းလာသော နှမ်းဖတ်ကျောက်မှဖြစ်သည့် ကျောက်တုံး၊ ကျောက်ခဲကြီးများကို တွေ့ရစဉ်။




ကျောက်သားအက်ကွဲကြောင်းများအတွင်း ရေများစိမ့်ဝင်ရာမှတစ်ဆင့် မြေပြို၊ တောင်ပြိုမှုများ ဖြစ်ပေါ်လာပုံ။

❂ စာမျက်နှာ ၁၈ မှ

ပြောရမယ်ဆိုရင် မုတ်သုံရာသီတိုတောင်းလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်တွေဖြစ်တဲ့ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးခေါင်ရေရှားခြင်း စတဲ့ဆိုးကျိုးတွေ ကျရောက်နိုင်ခြေ ပိုမိုများပြားလာပါတယ်။ ဆက်စပ်ဖြစ်စဉ်အနေနဲ့ သစ်တောဖြစ်ထွန်းမှု ကျဆင်းပြီး သဘာဝပေါက်ပင်တွေ ပေါက်ရောက်ဖုံးလွှမ်းမှု နည်းပါးလာတဲ့အတွက် မြေသားအနေအထားတွေ ပြောင်းလဲစေပြီး မြေတိုက်စားမှုတွေကို ဖြစ်ပေါ်စေပါတယ်။ မြေဆီလွှာ အရည်အသွေးကျဆင်းပြီး သဘာဝအရင်းအမြစ်တွေ လျော့နည်းကုန်ခန်းစေပါတယ်။

**ရာဂီတိုင်ဖွန်းမုန်တိုင်းရဲ့ အရှိန်ကြောင့် ရေကြီးရေလျှံခြင်းနဲ့ မြေပြိုခြင်းတွေ ကြုံတွေ့ခဲ့ရ**

မြန်မာနိုင်ငံတွင် ယခုကဲ့သို့ သဘာဝဘေးဒဏ်မျိုးကို ၂၀၀၈ ခုနှစ်မှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ်မှာ ဂီရိမုန်တိုင်း၊ ၂၀၁၃ ခုနှစ်မှာ ဖလမ်းတောင်ပြိုမှု၊ ၂၀၁၅ ခုနှစ်မှာ ဟားခါးနဲ့ မော်ချီးမြေပြိုမှု၊ ၂၀၁၈ ခုနှစ်မှာ ပေါင်မြို့နယ်မြေပြိုမှု၊ ၂၀၂၃ ခုနှစ်မှာ မိုခါမုန်တိုင်းတို့ဖြစ်ပွားခဲ့တာကို တွေ့ရပါတယ်။ ဒီနှစ်မှာတော့ ရာဂီတိုင်ဖွန်းမုန်တိုင်းရဲ့ အရှိန်ကြောင့် ရေကြီးရေလျှံခြင်းနဲ့ မြေပြိုခြင်းတွေ ကြုံတွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံမှာ ဖြစ်ပွားလေ့ရှိတဲ့ သဘာဝဘေးအန္တရာယ်များတွင် ရေကြီးရေလျှံမှုဟာ နှစ်စဉ်ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ **မြန်မာနိုင်ငံမှာ နှစ်စဉ်ဇွန်လ (မိုးဦးကာလ) မှာ တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လ (မိုးလယ်ကာလ)မှာ တစ်ကြိမ်နဲ့ စက်တင်ဘာလမှ အောက်တိုဘာလ(မိုးနှောင်းမိုးလွန်ကာလ) မှာ တစ်ကြိမ် စုစုပေါင်းရေကြီးမှု သုံးကြိမ်ဖြစ်ပေါ်လေ့ ရှိပါတယ်။ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မိုးလေဝသ သတင်းတွေကို အမြဲတမ်း ကြိုတင်ထုတ်ပြန်ပေးလျက်ရှိပါတယ်။**

ယခုစက်တင်ဘာလမှာ ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် အရှေ့တောင်အာရှနိုင်ငံအချို့မှာလည်း ရေလွှမ်းမိုးမှုတွေ၊ မြေပြိုမှုတွေဖြစ်ပေါ်ပြီး သေဆုံးမှုတွေနဲ့ အိမ်ရာပျက်စီးမှုတွေ ဖြစ်ပွားခဲ့ပါတယ်။

ယခုကဲ့သို့ မြေပြိုမှုနဲ့ ရေကြီးရေလျှံမှုဖြစ်စဉ်အပေါ် ပညာရပ်ပိုင်းဆိုင်ရာအမြင်နဲ့ လေ့လာမိသလောက် အနည်းငယ် တင်ပြချင်ပါတယ်။ **မြေပြိုမှုဖြစ်စဉ်တွေကို မြေပြိုမှု (Landslide) ဟု အလွယ်ခေါ်ဆိုကြပြီး အခြားသော တောင်ပြိုခြင်း၊ ပင်လယ်ကမ်းရိုးတန်းမြေပြိုခြင်း၊ မြစ်ကမ်းဘေးနှင့် ချောင်းကမ်းပါးများမြေပြိုခြင်း၊ တောင်စောင်းနှင့် ချောက်ကမ်းပါးများမြေပြိုခြင်း၊ သတ္တုတွင်းများမြေပြိုခြင်း၊ ဥမင်လိုဏ်ခေါင်းမြေပြိုခြင်း၊ တံတားချဉ်းကပ်လမ်းမြေပြိုခြင်း၊ စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေပြိုခြင်းတွေလည်း မြေပြိုမှုမှာအကျုံးဝင်ပါတယ်။** မြေပြိုမှုကိုဖြစ်စေတဲ့ အဓိကအကြောင်းရင်းတွေမှာ မြေမျက်နှာပြင်ပေါ်ရှိ သဘာဝအလျောက်ပေါက်ရောက်နေတဲ့ သဘာဝပေါက်ပင်များ ဆုံးရှုံးခြင်း၊ မြေပြင်ရှိ နိမ့်ရာမှမြင့်ရာသို့ ဒေါင်လိုက်ပေါက်တတ်တဲ့ သဘာဝပေါက်ပင်တွေရဲ့ ဖွဲ့စည်းမှုပုံစံ၊ မြေသားအတွင်းရှိ အာဟာရဓာတ်တွေနဲ့ မြေသား တည်ဆောက်ပုံတွေဟာ သစ်တောမီးလောင်မှုတွေကြောင့် ဒါမှမဟုတ် သတ္တုတူးဖော်မှုတွေကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်၊ ချောင်းတွေအရှိန်ပြင်းစွာ စီးဆင်းမှုကြောင့် မြေသားတိုက်စားခံရခြင်း၊ ဆီးနှင်းတွေ ကျဆင်းခြင်းနဲ့ ရေခဲမြစ်တွေ အရည်ပျော်ခြင်းတို့က မြေပြင်ပေါ်ရှိ အပေါ်ယံမြေသားတို့ကို ဖယ်ရှားပစ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းများ မြင့်တက်ခြင်းနဲ့ မီးတောင်ပေါက်ကွဲခြင်းတို့ ဖြစ်ပါတယ်။ ဒါ့အပြင် လူသားတို့ရဲ့ လုပ်ဆောင်မှုတွေဖြစ်တဲ့ သစ်တောများခုတ်ထွင်ခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ပြုလုပ်ခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ လေးလံသော သယ်ယူပို့ဆောင်ရေးယာဉ်များ ဖြတ်သန်းသွားလာမှုမှ တုန်ခါမှုဖြစ်ပေါ်ခြင်း၊ မြေယာတူးဖော်အသုံးချခြင်း၊ မိုင်းခွဲခြင်း၊ စွန့်ပစ်မြေစာစုပုံခြင်း၊ သတ္တုတူးဖော်ခြင်းနဲ့ ချုံနွယ်ပင်များကို မီးရှို့ခြင်းဖြင့် နက်ရှိုင်းစွာ အမြစ်တွယ်နေတဲ့ သဘာဝပေါက်ပင်တွေကို ဖျက်ဆီးဖယ်ရှားမိခြင်းတွေကလည်း မြေပြိုမှုကို ဖြစ်ပေါ်စေပါတယ်။

**မြေပြိုမှုဖြစ်ပွားရာ နေရာတစ်ခုကို အနုစိတ်ပုံဖော်ကြည့်လျှင် ၎င်းနေရာမှာ တည်ရှိနေတဲ့ မြေသား သို့မဟုတ် ကျောက်သားတို့ရဲ့ ပြင်ပသက်ရောက်မှုအားနဲ့ အတွင်းမှခုခံတွန်းလှန်အားတို့ အားပြိုင်မှုပေါ်မူတည်ပြီး မြေပြို၊ တောင်ပြိုခြင်းတွေ ဖြစ်လာတာပါ။ အဆိုပါအင်အားနှစ်ခု တူညီနေသမျှ တောင်ပြို၊ မြေပြိုမှု မဖြစ်နိုင်ပါ။** စာရေးသူအနေနဲ့ ကင်းသာအနီးဝန်းကျင်မှ မြေပြို၊ တောင်ပြိုမှုတွေကို ဖြစ်ပေါ်စေနိုင်တဲ့ ကျောက်သားတွေကို လေ့လာတဲ့အခါမှာ ကျောက်သားတွေရဲ့ ခိုင်မာမှုနဲ့ အတန်းအစား၊ ကျောက်သားတွေ အဆက်ပြတ်အက်ကွဲရာမှ ပြိုကျပြုတ်ထွက်လာနိုင်တဲ့ ကျောက်သားရဲ့ ထုထည်၊ ပုံသဏ္ဌာန်နဲ့ ဖြစ်ပေါ်နိုင်တဲ့ တောင်ပြိုမှုနည်းလမ်းတွေကို အသေးစိတ်တိုင်းတာ လေ့လာဆောင်ရွက်ခဲ့ပါတယ်။

ကျောက်သားတွေရဲ့ အဆက်မပြတ် အက်ကွဲမှုဖြစ်တဲ့နေရာမှာ သဘာဝမူလအရ အက်ကွဲတာလည်းဖြစ်နိုင်သလို လူတို့ရဲ့ ပယောဂဖန်တီးမှုတို့ကြောင့်လည်း အက်ကြောင်း ပေါ်ပေါက်လာစေနိုင်ပါတယ်။ **သဘာဝအားဖြင့် အနည်ကျကျောက်နဲ့ အသွင်ပြောင်းကျောက်တို့ဆိုတာဟာ တစ်လွှာပြီး တစ်လွှာ ထပ်လျက်အနေအထားနဲ့ ဖြစ်တည်နေတာဖြစ်ပါတယ်။ အဲဒီလိုအလွှာထပ်တွေကြားနဲ့ ကျောက်သားတွေရဲ့ အဆက်ပြတ် အက်ကွဲရာတွေအတွင်းကို ရေတွေဝင်ရောက်ပြီး ကျောက်ခြေမွခြင်း ဖြစ်စဉ်ကို လျင်မြန်စွာ ဖြစ်ထွန်းစေပြီး ကျောက်သားခိုင်မာမှုအဆင့်အတန်း လျော့ကျလာပြီး မြေပြို၊ တောင်ပြိုမှုတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။** နေပြည်တော် – ပင်လောင်းလမ်း ခြောက်မိုင်ဝန်းကျင်ဒေသဟာ ရေဝေချောင်းနဲ့ ကိုလုံချောင်းဆုံအနီးမှာ တည်ရှိပြီး ဘူမိဗေဒအနေအထားအရ ရေဝေချောင်းဟာ ရေဝေပြတ်ရွေ့ကြောင်းတစ်လျှောက် စီးဆင်းဖြစ်ပေါ်နေတဲ့ချောင်းတစ်ခုဖြစ်ပါတယ်။ အဲဒီဒေသမှာ သက်လယ်ကပ်နှောင်းပိုင်းမှ သက်နှောင်းကပ်အစောပိုင်းသက်တမ်းရှိ နှမ်းဖတ်ကျောက်တွေနဲ့ လိပ်သည်းကျောက်တွေဟာ ပြတ်ရွေ့ထိစပ်ဇုန်အသွင် ဖြစ်ပေါ်နေပါတယ်။

**နှမ်းဖတ်ကျောက်တွေမှာ ကျောက်သားခိုင်မာမှု အလွန်မြင့်မားသော်လည်း ရာသီဥတုကြောင့် ကျောက်ခြေမွခြင်းဖြစ်စဉ်နဲ့ မိုးအဆက်မပြတ်ရွာသွန်းမှုနဲ့အတူ ကျောက်သားအဆက်ပြတ်အက်ကွဲကြောင်းတွေအတွင်း ရေဝင်ရောက်မှုကြောင့် ကျောက်သားတွဲဆက်ခိုင်မာမှုအား ကျဆင်းလာပြီး ကြီးမားလုံးဝန်းတဲ့ ကျောက်တုံးကျောက်ခဲကြီးတွေ ပြိုကျပြုတ်ထွက်လိမ့်ဆင်းလာရခြင်း ဖြစ်ပါတယ်။** ဒီလို ကျောက်ခြေမွခြင်းဖြစ်စဉ်နဲ့ ကျောက်သား အဆက်ပြတ်အက်ကွဲမှုအတွင်း ရေများဝင်ရောက်ခဲ့ခြင်းတို့ကြောင့် နေပြည်တော်–ပင်လောင်းလမ်း ခုနစ်မိုင်ပတ်ဝန်းကျင်ဒေသ ရေကြီးရေလျှံမှုနဲ့ မြေပြိုမှုတွေမှာ တောင်ကျချောင်းရေနဲ့အတူ ကျောက်တုံးကျောက်ခဲကြီးတွေ မျောပါလာတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သဘာဝတောတောင်တွေ တဖြည်းဖြည်းပျောက်ဆုံးလာခြင်း၊ ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာခြင်း၊ တောင်ကုန်း၊ တောင်စောင်းတွေရဲ့ မြေသားတည်ငြိမ်မှုကို မြေကြီးအတွင်းရှိ ရေရဲ့ဖိအားက ပြောင်းလဲစေသဖြင့် ရေကြီးခြင်း၊ တောင်ပြိုခြင်းနဲ့ ကမ်းပါးပြိုခြင်းတို့ ထိခိုက်ခံစားရခြင်း ဖြစ်ပါတယ်။

**မြေပြို၊ တောင်ပြိုခြင်းကို ကြိုတင်ကာကွယ်တားဆီးနိုင်ဖို့ လူတိုင်းအလွယ်တကူ ဆောင်ရွက်နိုင်တဲ့ နည်းလမ်းကောင်းမှာ နှစ်ရှည်သစ်ပင်ကြီးတွေကို မိမိတို့အခြေချနေထိုင်ရာ မြို့ရွာတွေရဲ့ အနီးတစ်ဝိုက်မှာ စနစ်တကျ စိုက်ပျိုးခြင်းပင်ဖြစ်ပါတယ်။** နှစ်ရှည်သစ်ပင်ကြီးတွေဟာ အပင်အရွယ်အစားနဲ့ အပင်အသက်တို့အလိုက် အပင်ပတ်လည်တစ်ဝိုက် ပေပေါင်းရာနဲ့ချီပြီး မြေသားလွှာတွေကို ကျစ်လျစ်အောင် ကုပ်ယူထိန်းသိမ်းပေးထားနိုင်စွမ်းရှိပြီး မြေဆီလွှာ တိုက်စားခံရခြင်းကိုလည်း ကောင်းစွာကာကွယ်ပေးနိုင်သလို အရှိန်အဟုန်ပြင်းစွာ စီးဆင်းဝင်ရောက်လာတဲ့ ရေထုကြီးကိုလည်း တားဆီးကာကွယ်ပေးနိုင်လို့ မြစ်ရေ၊ ချောင်းရေတွေကြောင့် ရုတ်တရက် ရေကြီးရေလျှံဖြစ်ပေါ်ခြင်းကို နှောင့်နှေးကြန့်ကြာအောင် ထိန်းသိမ်းနိုင်စွမ်းရှိပါတယ်။ သို့ဖြစ်၍ လူနေမြို့ရွာများအတွင်းနဲ့ အနီးတစ်ဝိုက်မှာ နှစ်ရှည်ပင်ကြီးတွေကို စနစ်တကျ ရှင်သန်အောင် တိုးချဲ့စိုက်ပျိုးခြင်းနဲ့ ရှိပြီးသား နှစ်ရှည်ပင်ကြီးတွေကို မည်သည့်အကြောင်းနှင့်မျှ ခုတ်လှဲဖြိုဖျက်မှု မပြုကြခြင်းဖြင့် သဘာဝဖြစ်စဉ်ကြောင့်ဖြစ်ရတဲ့ မြေပြိုခြင်းကို အတိုင်းအတာတစ်ရပ်အထိ ဟန့်တားနိုင်မှာ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်သည် လူသားတို့ကို တစ်နေ့တခြား ပိုမိုခြိမ်းခြောက်လာနေပါတယ်။ အထူးသဖြင့် မိုးရာသီမှာ ရေကြီးရေလျှံခြင်းအပါအဝင် သဘာဝဘေးအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ရလေ့ရှိပါတယ်။ သဘာဝဘေးအန္တရာယ်တွေကို ရှောင်လွှဲလို့မရနိုင်ပေမယ့် ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးနဲ့ ပျက်စီးဆုံးရှုံးမှု သက်သာစေရေးအတွက် သက်ဆိုင်သူအားလုံး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပညာရှင်တွေအနေနဲ့ ပညာပေးလုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်ရဲ့ ပထဝီအနေအထားကိုလည်း လေ့လာထားကြရမှာ ဖြစ်ပါတယ်။ ဒီတစ်ကြိမ်မှာ ဒီလိုအားနည်းချက်တွေရှိခဲ့လို့ မမျှော်လင့်ဘဲ ရေဘေးကြုံခဲ့ရတယ်ဆိုတဲ့ အတွေ့အကြုံကို သင်ခန်းစာယူကြရမှာ ဖြစ်ပါတယ်။ ကုန်းမြင့်မှာနေသည်ဖြစ်စေ၊ မြေနိမ့်ပိုင်းမှာနေသည်ဖြစ်စေ သဘာဝဘေးအန္တရာယ် ကြုံတွေ့တတ်ပါတယ်။ ကျောက်စိုင်ကျောက်သားဆိုတာမျိုးတွေကလည်း အလွန်ပြင်းထန်တဲ့ ရေစီးဒဏ်နဲ့ အဆက်မပြတ်ရွာသွန်းတဲ့ မိုးဒဏ်ကို ကြံ့ကြံ့ခံနိုင်ဖို့ ခက်ခဲလှပါတယ်။ မမေ့မလျော့ မပေါ့ဆတဲ့ အသိနဲ့ သတိတရားလက်ကိုင်ထားပြီး အဲဒီလိုမျိုးကြုံခဲ့ရင်ဆိုတဲ့ ကြိုတင်တွေးခေါ်မြော်မြင်မှုနဲ့အတူ အမြဲတမ်းအသင့်အနေအထားမှာ ပြင်ဆင်ထားကြရမှာ ဖြစ်ပါတယ်။ အလားတူ ပြည်သူတွေအနေနဲ့လည်း မိုးလေဝသသတင်းတွေကို အမြဲတမ်းနားစွင့်နေကြရမှာဖြစ်ပြီး တောင်ပြို၊ မြေပြိုခြင်းနဲ့ ရေကြီးရေလျှံခြင်းတွေနဲ့ပတ်သက်တဲ့ အသိပညာပေးစာစောင်တွေကို နိုင်ငံတော်အစိုးရက ကျယ်ကျယ်ပြန့်ပြန့်ထုတ်ပြန်နေတဲ့အတွက် လေ့လာဖတ်ရှုထားသင့်ကြောင်း တိုက်တွန်းရင်း ပြည်သူများအားလုံး သဘာဝဘေးအန္တရာယ်မှ ကင်းဝေးကြစေရန် ဆန္ဒပြုဆုတောင်းပေးလိုက်ပါတယ်။ ။



မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တောင်ကုန်း တောင်တန်းများ၌ မြေပြိုကျနေမှုများကို တွေ့ရစဉ်။

- ❖ **နှစ်ရှည်သစ်ပင်ကြီးတွေဟာ အပင်အရွယ်အစားနဲ့ အပင်အသက်တို့အလိုက် အပင်ပတ်လည်တစ်ဝိုက် ပေပေါင်းရာနှင့်ချီပြီး မြေသားလွှာတွေကို ကျစ်လျစ်အောင် ကုပ်ယူထိန်းသိမ်းပေးထားနိုင်စွမ်းရှိပြီး မြေဆီလွှာတိုက်စားခံရခြင်းကိုလည်း ကောင်းစွာကာကွယ်ပေးနိုင်သလို အရှိန်အဟုန်ပြင်းစွာ စီးဆင်းဝင်ရောက်လာတဲ့ ရေထုကြီးကိုလည်း တားဆီးကာကွယ်ပေးနိုင်**
- ❖ **လူနေမြို့ရွာများအတွင်းနဲ့ အနီးတစ်ဝိုက်မှာ နှစ်ရှည်ပင်ကြီးတွေကို စနစ်တကျ ရှင်သန်အောင် တိုးချဲ့စိုက်ပျိုးခြင်းနဲ့ ရှိပြီးသားနှစ်ရှည်ပင်ကြီးတွေကို မည်သည့်အကြောင်းနှင့်မျှ ခုတ်လှဲဖြိုဖျက်မှု မပြုကြခြင်းဖြင့် သဘာဝဖြစ်စဉ်ကြောင့် ဖြစ်ရတဲ့ မြေပြိုခြင်းကို အတိုင်းအတာတစ်ရပ်အထိ ဟန့်တားနိုင်မှာဖြစ်**

ဝတ္ထုတို




## ❖ ပိုင်ဆု(ပညာရေး)

=====================

(၁)

စိတ်ညစ်ပြီဆိုသည်နှင့် သူအမြဲရောက်ရှိသည့်နေရာက ငါးကန်ကိုပင်ဖြစ်သည်။ လက်ထဲတွင် ငါးမျှားတံကိုကိုင်ပြီး နေရာလွတ်တစ်ခုကို လမ်းလျှောက်ရင်းရှာနေမိသည်။

"ဟေ့..ထွေးအောင်...ထူးထူးခြားခြား ငါးကန်ကို ရောက်လာပါပေါ့လား..ဒီကိုလာလေ.."

ငါးထိုင်မျှားရင်း ခေါ်လိုက်သော ကျော်ဇင်ကြောင့် နေရာလွတ်မရှာတော့ဘဲ ကျော်ဇင်၏နံဘေးတွင်ပင် ဝင်ထိုင်လိုက်သည်။ ငါးမျှားချိတ်တွင် အစာကို တပ်ရင်း အသင့်ယူလာသောရေဘူးကို မော့ချလိုက်သည်။

"ထွေးအောင် ... မင်းကြည့်ရတာ.. တစ်ခုခုဖြစ်လာပုံပဲ .. ဘာဖြစ်လာတာတုံး ..ပြောစမ်းပါဦးကွ"

ငယ်သူငယ်ချင်းလည်း ဖြစ်သည့်အပြင် တစ်ယောက်အကြောင်းတစ်ယောက် အပြည့်အစုံသိသူတွေဖြစ်သောကြောင့် ကျော်ဇင်က မေးလိုက်ခြင်းဖြစ်သည်။

"ဒီလိုပါပဲကွာ... အခုတစ်လောအလုပ်ကလည်းပါးတော့ အိမ်က မိန်းမက ဗျစ်တောက်ဗျစ်တောက်နဲ့ နားညည်းလို့ထွက်လာခဲ့တာ..အခုအလုပ်ကလည်း မကောင်းတော့ ရှိတာလေးနဲ့ သည်းခံပြီး စားသောက်ပေးပါဆိုတာကို ပြောမရဘူး.. ငါကလည်း ပန်းရန်အလုပ်ပဲ လုပ်တတ်တာ၊ တခြားအလုပ်လုပ်ဖို့ဆိုတာလည်း အဆင်မပြေဘူးလေ.. ကိုယ်က ပညာမှမတတ်တာ.. ဈေးရောင်းဖို့ကလည်း အရင်းအနှီးက လိုသေးတယ်..ဟူး"

"အေးကွာ.. ဒါတောင် မင်းတို့ကလေးမရှိသေးလို့..ကလေးတွေရလာရင် ဒီထက်ဆိုးမယ်.. ဒါကြောင့် မိန်းမကို မျက်နှာရဖို့ ငါးလာမျှားတယ်ဆိုပါတော့"

"နေပါကွာ. . စိတ်ညစ်လို့ ထွက်လာတာ..ငါးရဖို့ဆိုတာ မသေချာသလို ရရင်လည်း ကန်ပိုင်ရှင်က ဈေးဖြတ်ဦးမှာလေ.."

"အေး.. အဲဒါတော့ ဟုတ်တယ်.. ထွေးအောင်ရေ..ကဲကွာ..ဘာပဲဖြစ်ဖြစ် ရလိုရငြား ငါးဆက်မျှားကြတာပေ့ါ"

ကျော်ဇင်၏ အားပေးစကားကို ခေါင်းညိတ်လိုက်ပြီး ငါးဆက်မျှားနေလိုက်တော့သည်။ ငါးကသာ မျှားနေသည်။ သူ၏စိတ်အစဉ်သည် မိန်းမဖြစ်သူ ကေသီထံသို့ ရောက်ရှိနေမိတော့သည်။

(၂)

ကေသီနှင့်သူသည် မိဘဆွေမျိုးများမရှိကြသည့် တစ်ကောင်ကြွက်ဘဝတူချင်းပင်ဖြစ်သည်။ တူညီသည့်ဘဝနှစ်ခုပေါင်းဆုံပြီးကြသည့်အခါ ကေသီကို စက်ရုံမှ အလုပ်ထွက်စေပြီး သူတစ်ယောက်တည်းသာ ပန်းရန်လိုက်လုပ်ရင်း ဘဝကို ရပ်တည်ခဲ့ကြသည်။ ကေသီသည် သူ့ထက်နှစ်နှစ်ငယ်သည့်အပြင် ရုပ်ရည်မှာလည်း အသင့်အတင့်လှပသောကြောင့် စိတ်မချနိုင်ဖြစ်ကာ အလုပ်ထွက်ခိုင်းခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်ကျခါစက အဆင်ပြေသော်လည်း ယခုလိုအလုပ်ပါးသည့် ရက်ရှည်ကာလမျိုးတွင် ကျပ်တည်းမှုတွေ ဖြစ်ခဲ့ရသည်။ ထို့ကြောင့် ကေသီသည် အိမ်၏စားဝတ်နေရေးကို ငဲ့ကွက်ပြီး စက်ရုံပြန်ဆင်းမည်ဟု ပြောသည့်အခါတိုင်း သူနှင့်စကားများခဲ့ရသည်။

"ကိုထွေးအောင်.. ရှင်တစ်ယောက်တည်းရှာနေတာထက် ကျွန်မပါအလုပ်လုပ်ပြီး နှစ်ယောက်ရှာရင် အိမ်အတွက်ပိုအဆင်မပြေဘူးလား"

"တော်တော့ကေသီ.. နင်ငါ့ကို ဒီအကြောင်းတွေ မပြောနဲ့လို့ ပြောတာခဏခဏရှိနေပြီ.. ငါအလုပ်နားတုန်းခဏလေး သည်းခံပေးပါလို့ ပြောထားရက်နဲ့..ဘာလဲ..နင်အခုငတ်နေလို့လား"

"မငတ်ပေမယ့် ကျပ်နေပြီလေ..ကျွန်မက အိမ်ထောင်သည်ပါ၊ ကျွန်မကိုအလုပ်ထဲမှာ ဘယ်သူမှစိတ်ဝင်စားမှာ မဟုတ်ဘူး..အကဲတွေ ပိုမနေစမ်းပါနဲ့၊ နောက်ပြီး မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတာလည်း ရှိသေးတယ်လေ"

"အေး. ငါ့ဘာသာငါ ထမ်းချင်ထမ်းမယ်.. မင်းရွက်စရာတော့ မလိုဘူး.. ငါက အိမ်ထောင်ဦးစီး..ငါပဲလုပ်မယ်"

သူ၏ စကားကြောင့် ကေသီ မျက်စောင်းထိုးပြီး တစ်ဖက်သို့ လှည့်သွားသည်။ သူလည်း နားကြားမှာ ညှပ်ထားသော ဆေးပေ့ါလိပ်ကိုယူပြီး မီးညှိလိုက်သည်။ ကေသီ၏စေတနာကို သူနားလည်ပါသည်။ သို့သော်လည်း အိမ်ထောင်ဦးစီးဖြစ်သည့် သူတစ်ယောက်တည်း အပင်ပန်းခံမည်ဟု ဆုံးဖြတ်ထားသောကြောင့် ကေသီအား အိမ်အလုပ်မှလွဲ၍ တခြားအလုပ် မလုပ်ကိုင်စေခဲ့ပါ..။ ကေသီလည်း သူ့ကိုနားလည်မည်ဟု အကြွင်းမဲ့ယုံကြည်ပါသည်။ မပြေလည်သေးသည့်ဘဝထဲက ရုန်းထွက်နိုင်အောင် သူကိုယ်တိုင် အပင်ပန်းခံပြီးကြိုးစားနေခဲ့ရသည်။

(၃)

"ဟေ့ကောင်.. ထွေးအောင် ..ဟေ့ကောင်"

ကျော်ဇင်၏ ခေါ်သံကြောင့် သူ၏ အတွေးများ လွင့်ပြယ်သွားသည်။ လက်ထဲတွင် ကိုင်ထားသော ငါးမျှားတံပင် ပို၍လေးလံလာပြီဖြစ်သည်။

"မင်းကွာ...ဘာတွေ ဒီလောက်တွေးနေရတာလဲကွာ..ဟိုမှာ ငါးမိနေလောက်ပြီကွ..."

"ဩော်..အေး..အေး.."

ကျော်ဇင် သတိပေးလိုက်သောကြောင့် ငါးမျှားတံကို ဆွဲယူလိုက်တော့သည်။ အံ့အားသင့်စွာပင် ကြီးမားသော ငါးကြီးတစ်ကောင် ပါလာတာကို နှစ်ယောက်သား မြင်တွေ့လိုက်ရသည်။

"ဟာ..မင်းတော့ကံကောင်းတာပဲ.. ထွေးအောင်...မိုက်တယ်ကွာ"

ကျော်ဇင်၏ အားကျသည့်စကားသံကြောင့် ပီတိဖြစ်မိတာအမှန်ပင်။ ငါးကို အသာအယာ အိတ်ထဲထည့်ရင်း နောက်တစ်ကြိမ် ထပ်မျှားလိုက်တော့သည်။ သူ့အတွက် ကံကောင်းသည့်နေ့ဟုပင် ဆိုရမည်။ နောက်ထပ်ငါးကြီးတစ်ကောင်ကိုပင် အလွယ်တကူထပ်ရပြန်ပြီ ဖြစ်သည်။ ဒီနေ့အတွက်တော့ မိန်းမဖြစ်သူကို မျက်နှာလုပ်နိုင်ပြီဖြစ်သောကြောင့် စိတ်ထဲကျိတ်၍ ပျော်နေလိုက်သည်။ တစ်ကောင်ကို ငါးကန်တွင် ဈေးဖြတ်ခိုင်းပြီး တစ်ကောင်ကို အိမ်ဟင်းစားအတွက် ယူသွားမည်ဟု ဆုံးဖြတ်လိုက်တော့သည်။ ထို့ကြောင့်ပင် ငါးဆက်မျှားမနေတော့ဘဲ ကျော်ဇင်အားနှုတ်ဆက်ပြီး ပြန်ခဲ့လိုက်တော့သည်။

(၄)

ငါးတစ်ကောင်နှင့် ငွေသုံးထောင်ကို ကိုင်ပြီး အိမ်သို့တက်ကြွစွာ ပြန်လာခဲ့တော့သည်။ သို့သော် ကေသီသည် ငါးမျှားခြင်းအလုပ်ကို လုံးဝကြိုက်သည်မဟုတ်။ တခြားအကြောင်းကိစ္စတစ်ခု ပြောပြီး အဆင်ပြေအောင်ပြောမည်ဟု စိတ်ထဲမှ ကြိုတင်တွေးထားလိုက်သည်။

"မိန်းမရေ..ကေသီ...မိန်းမ..."

အိမ်ပေါ်သို့ ကပျာကယာတက်ရင်း မိန်းမဖြစ်သူအား ခေါ်လိုက်သည်။ အိမ်ပေါ်တွင် မိန်းမဖြစ်သူကို မတွေ့ရပေ။ မီးဖိုခန်းထဲရှိ ဇလုံတစ်ခုထဲသို့ ငါးကိုထည့်လိုက်သည်။ ငါးသည် မသေသေးသောကြောင့် ဇလုံထဲသို့ ရေအနည်းငယ်ဖြည့်ပေးလိုက်သည်။ ထို့နောက် အိမ်အောက်သို့ဆင်း၍ မိန်းမဖြစ်သူ ပြန်အလာကို စောင့်နေလိုက်သည်။

ဟိုနား ဒီနား ဈေးသွားဝယ်ခြင်းဖြစ်မည်ဟု တွေးပြီး အိမ်ရှေ့ရှိကွပ်ပျစ်ပေါ်တွင် ထိုင်ကာ အကြမ်းရည်သောက်နေလိုက်သည်။ သိပ်မကြာမီမှာပင် ကေသီ ရောက်ရှိလာတော့သည်။

"မိန်းမ..ပြန်လာပြီလားဟ"

ပိုက်ဆံသုံးထောင်နှင့် ငါးတစ်ကောင် ရထားသည်မို့ တက်ကြွစွာနှုတ်ဆက်လိုက်သည်။ ကေသီက ဘာမျှမဖြေသေးဘဲ သူ၏နံဘေးသို့ ဝင်ထိုင်လိုက်သည်။

"မိန်းမ နေမကောင်းဘူးလားဟ.. မျက်နှာတစ်မျိုးပဲ ဖြစ်နေလားလို့"

"ဟုတ်တယ်..ကျွန်မအခုပဲ ဆေးခန်းက..ပြန်လာတာ.."

"ဟင်... ဘာ... ဘာဖြစ်လို့လဲ ... ကေသီ..ဆရာဝန်ကဘာပြောလဲဟင်.."

"ရှင်. စိတ်ကို ခိုင်ခိုင်ထားနော်"

"ဟာ.."

ကေသီ၏စကားကြောင့် သူ၏စိုးရိမ်မှုတွေသည် အဆုံးစွန်ထိ ရောက်ရှိသွားခဲ့ရသည်။

"ဘာ..ဘာဖြစ်လို့လဲ.."

"ကျွန်.. ကျွန်မမှာ.. ကိုယ်ဝန်နှစ်လ ရှိနေပြီ"

"ဟာ.တကယ်လား..ဒါများ.ကေသီရယ်..စိတ်ပူအောင်လုပ်တယ်"

ကေသီ၏ပခုံးလေးကို ကိုင်လှုပ်ရင်း ဝမ်းသာအားရဆိုလိုက်သည်။ ကေသီကလည်း ရှက်ပြုံးလေးနှင့်။

"ကိုထွေးအောင်..ဒီနေ့ငါးသွားမျှားခဲ့ပြန်တယ်မဟုတ်လား...ကျွန်မကို မညာနဲ့.."

"ဟို...ဟို.."

"ဟိုတွေဒီတွေ လုပ်မနေနဲ့.. အခုကျွန်မက မပေ့ါမပါးကြီးနဲ့နော်..ရှင်လုပ်နေတဲ့အကုသိုလ်အလုပ်ကြီးက ကျွန်မတို့ ရင်သွေးလေးဆီကို ထိခိုက်လာမှာစိုးလို့ ပြောတာပါ..အခုအချိန်မှာ တတ်နိုင်သမျှ ကုသိုလ်ရအောင်နေရမှာလေ"

"ငါ..ငါနားလည်ပါတယ်ဟာ..ငါနောက်မမျှားတော့ဘူးလို့.. ကတိပေးပါတယ်ဟာ..မနက်ဖြန်ကစ ငါအရင်အဖွဲ့နဲ့ပန်းရန်မလုပ်ရလည်း တခြားအဖွဲ့တွေနဲ့ချိတ်ပြီး အလုပ်ကြိုးစားမယ်၊ ငါလည်းမျှားချင်လို့ မျှားတာမဟုတ်ပါဘူး ကေသီရာ"

"ကျေးဇူးတင်ပါတယ် ကိုထွေးအောင်၊ ကျွန်မ ရှင့်ကိုယုံကြည်ပါတယ်၊ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုမရှိရင် အလကားပဲလေ၊ အဲဒီလိုပဲ ကျွန်မရဲ့ ကိုယ်ကျင့်တရားနဲ့ သစ္စာတရားကိုလည်း ယုံကြည်ပေးစေချင်တယ်"

"ငါ အမြဲတမ်းယုံကြည်ပေးထားပါတယ်ဟာ.. ဒါပေမဲ့ နင့်ကိုချစ်လို့ ငါအစိုးရိမ်လွန်ခဲ့တာပါ"

"ကျွန်မသိပါတယ်..ကျွန်မ..အခုတော့ ဘာမှမလုပ်သေးဘူး .. ကလေးမွေးပြီး.. စိတ်ချရတဲ့အရွယ်ရောက်ရင် စက်ရုံပြန်ဆင်းချင်တယ်၊ ကလေးပါတိုးလာပြီဆိုတော့ ကျွန်မတို့နှစ်ယောက်အားနဲ့ ပိုကြိုးစားရမယ်လေ။ မဖြစ်နိုင်တဲ့သံသယတွေကို မထားပါနဲ့တော့လား ကိုထွေးအောင်ရယ်..ဒါမှမဟုတ် ရှင်ပါစက်ရုံလိုက်ဆင်းလေ..ကျွန်မပြောပေးမယ်"

ကေသီ၏ စကားအဆုံးဝယ် သူဘာမှပြန်မပြောနေတော့ပေ။ အိမ်ထောင့်တာဝန်ကို နှစ်ယောက် အတူတကွသယ်ပိုးမှသာလျှင် အဆင်ပြေနိုင်ကြောင်းကိုလည်း လက်ခံလာမိတော့သည်။ ဘဝတစ်ခုရပ်တည်ဖို့အတွက် လုံလောက်တဲ့ ရပ်တည်မှုမရှိသေးတော့ နှစ်ယောက်လုံး ကြိုးစားဖို့ လိုအပ်မှန်းလည်း သဘောပေါက်လာသည်။

သူကြည်ဖြူစွာပင် ခေါင်းညိတ်လိုက်သည်။ ကေသီမျက်နှာဝင်းပသွားသည်ကို တွေ့လိုက်ရတော့ သူလည်းပီတိဖြစ်မိပါသည်။ သို့သော်လည်း သူက အိမ်ထောင်ဦးစီး။ တစ်နည်းအားဖြင့် အိမ်ဦးနတ်ဖြစ်သည့်အတွက် သူပဲ အပင်ပန်းခံချင်သည်။ ထို့ကြောင့် ကေသီ ကလေးမွေးပြီးသည့်အချိန် ရောက်ခဲ့ရင် ကေသီ အလုပ်ပြန်မဆင်းဖြစ်အောင် မိသားစုအတွက် သင့်တင့်သည့်ပြည့်စုံလုံလောက်မှုရှိဖို့အတွက် ကြိုးစားရပေမည်။ မည်သို့ပင်ဆိုစေ ယခုအချိန် ကေသီစိတ်ချမ်းသာဖို့က အရေးကြီးသည်။ အချိန်တွေလည်း အများကြီးရှိသေးသည့်အတွက် ခွန်အားရမိသည်။ မှန်ကန်သောကြိုးစားမှုနှင့်အတူ ရိုးသားစွာကြိုးစားပါက သူ၏အိပ်မက်တွေ အကောင်အထည် ပေါ်လာနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။ ကေသီ မကြိုက်သည့် ငါးမျှားခြင်းကိုလည်း ဆက်လုပ်တော့မည်မဟုတ်ပေ။

"ကိုထွေးအောင် .. ရှင်ယူလာတဲ့ငါးကြီးက မသေသေးဘူးတော့.."

"ဟင် ဟုတ်လား"

"ဟုတ်တယ်.. ကျွန်မတို့ ငါးကြီးကို ဘုန်းကြီးကျောင်းနောက်က ကန်ကြီးထဲသွားပစ်ရအောင်နော်..သနားပါတယ်"

မည်သည့်စကားမှ ပြန်မပြောတော့ဘဲ လျင်မြန်စွာပင် ခေါင်းညိတ်လိုက်တော့သည်။ အရာအားလုံးသည် သူ့အတွက် သာယာအေးချမ်းခြင်းတွေသက်ရောက်နေသည်မှာ အမှန်ပင်ဖြစ်သည်။ ။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## ဝါကျွတ်ပွဲ

- ကြာမျိုးငါးမည် ဖူးပွင့်စည်
ရောက်ပေါ့တူရာသီ၊
အာသာဝဏီ နက္ခတ်က
ကောင်းကင်ယံထွန်းပ။
- မီးပုံးလုလု ရောင်စုံဖြာ
မြို့တိုင်းရွာတိုင်းမှာ၊
ထွန်းညှိလို့သာ ပူဇော်ကြ
မီးထွန်းပွဲကျင်းပ။
- ဘိုးဘွားမိဘ ဆရာတွေ
ဦးခိုက်ကာရိုသေ၊
ဂုဏ်ကျေးဇူးတွေ မှန်းကာဆ
ရှိခိုးကန်တော့ကြ။
- လှျူဖွယ်ဒါန ပြည့်စုံစွာ
ရွာဦးကျောင်းတော်မှာ၊
သီလယူကာ မေတ္တာပွား
ရှုမှတ်မြတ်တရား။
- သီတင်းကျွတ်လ သည်ချိန်တွင်
နိုင်ငံအနှံ့ပင်၊
အားလုံးပျော်ရွှင် ဆင်ယင်နွှဲ
မြန်မာ့ရိုးရာဝါကျွတ်ပွဲ။

အောင်ကျော်ဦး(ပန်းသခင်)

---

## ပညာ့ဂုဏ်ရည်

- လမင်းလို အမှောင်ခွင်း
ကြယ်အလင်း ထွန်းအရောင်။
လောကကို အလင်းပေး
အေးမြဂုဏ်ဆောင်။
- ပညာ၏ ပုံရိပ်ယောင်
ဤလူ့ဘောင် အကျိုးရှိ။
နေမင်းပမာ လွှမ်းခြုံမိုးသမျှ
ကောင်းကျိုးအတိ။
- ဘဝမှာ ပညာအသိဖြင့်
တွေးမြင်ကြည့် အရာရာ။
အမြင်ကြည် အသိမကန်း
ရည်မှန်းချက်မှာ။
- လျှောက်ရာလမ်း မယိုင်ပါ
လှမ်းနိုင်ကာ ပန်းတိုင်သို့။
အောင်မြင်ကာ ထွန်းဂုဏ်တောက်သမျှ
ဖြိုးမောက်ပြည့်လို့။
- ကိုယ့်ဝန်းကျင် ကောင်းစေဖို့
ကိုယ်တိုင်တို့ ပြန်ဖြန့်ဝေ။
မီးအိမ်ပမာ အလင်းပေး
ကောင်းခြင်းတွေစေ။
- ပညာဖြင့် နိုင်ရာတွေ
မြှင့်တင်လေ နိုင်ငံအကျိုး။
ပညာပျိုးတွေ ရှင်သန်သမျှလေ
လောကအလှတိုး။ ။

မြင့်မိုရ်လင်း ( ချောင်းဆုံ)

---

ဆောင်းပါး

# စီးပွားရေးပညာ လေ့လာသင်ယူပါ

**■ ထက်အောင်လူ(နံ့သာမြေ)**

စီးပွားရေးပညာဟူသော စကားလုံးအား လူကြားထဲပြောခဲ့ပါလျှင် သည်လူဘယ်လိုလူလဲ၊ ဘာတွေပြောနေတာလဲ၊ ကြီးကျယ်သောလူ၊ မိုးကြီးလေကြီးပြောသူပါလားဟု ပတ်ဝန်းကျင်ထဲ၊ ရပ်ကွက်ထဲမှ လူများက ပြောကြ သမုတ်ကြပေလိမ့်မည်။ အမှန်တွင်မူ လူဖြစ်လာပါ၍ စီးပွားရေးပညာ ရှိကိုရှိကြရမည်။ စီးပွားရေးရှိပါမှ လှူနိုင်တမ်းနိုင် ပေးကမ်းနိုင်ကာ လူ့ဝန်းကျင်၌ ချမ်းသာမှုနှင့် ဂုဏ်တင့်တယ်မှုတို့ ထုံမွမ်းလျက် လူဖြစ်ကျိုးနပ်ပေ၏။ စီးပွားရေးအဆင်မပြေပါက နောက်ဆက်တွဲ ရောင်းရင်းများဖြစ်သော လူမှုရေး၊ ပညာရေးတို့ အဘက်ဘက်က နိမ့်ကျချို့တဲ့လျက် စိတ်ပျက်ညှိုးနွမ်းကာ ဒုက္ခတို့အမြစ်တွယ်ရောပြွန်းနေတတ်ပါပေသည်။ ဘုန်းကြီး၍ အသက်ရှည်ခြင်း၊ လာဘ်များ၍ကျန်းမာခြင်းဟူသော လူဖြစ်ကျိုးနပ်ခြင်းနှင့် နေပျော်သောဘဝကို ရရှိနိုင်ရန် စီးပွားရေးကောင်းမွန်ခြင်းသည် ကနဦးလိုအပ်ချက်ဖြစ်ပေ၏။ ထို့ကြောင့် စီးပွားရေးပညာကို လေ့လာလိုက်စားကာ ကျိုကျိုတက်ချမ်းသာကြွယ်ဝသူအဆင့်အထိ မရောက်နိုင်သည့်တိုင် မိမိတစ်ကိုယ်ရေ မိသားစုဘဝလေးအား လူ့ဝန်းကျင်၌ ဂုဏ်တင့်တယ်ရန် သာယာငြိမ်းချမ်းသော မိသားစုဘဝလေး တည်ဆောက်နိုင်ရန် လိုအပ်ပေ၏။ မိမိနှင့် မိမိဝန်းကျင်၏ ကောင်းကျိုးတို့ လုပ်ဆောင်နိုင်ရန် ကောင်းမွန်သော စီးပွားရေးလမ်းကြောင်းတို့ ဖန်တီးတည်ဆောက်ရန် ကြိုးကုတ်ကြရပေမည်။

**အောင်မြင်ကြီးပွားကြောင်းတရား**

လူအများစုသည် အောင်မြင်ကြီးပွားချမ်းသာချင်ကြသော်လည်း မည်သို့လုပ်ကိုင်ဆောင်ရွက်ရမည်ကို မသိကြပေ။ လွဲမှားသော လောဘ၊ အတ္တတို့နှင့် မလုပ်သင့်ရာမလုပ်၊ မကြံသင့်ရာ မကြံပါမှ လမ်းမှန်ဖြစ်ပေ၏။ မိမိဘဝအား အရိုးသားဆုံး သမ္မာအာဇီဝနှင့် အသက်မွေးမြူမှသာ ဘဝသည်လည်းလှပ၍ တန်ဖိုးဂုဏ်အနဂ္ဃဖြစ်ပေမည်။ လူ့ဂုဏ်ရည်တောက်ပကာ လူထဲတွင် ရနံ့သင်းပျံ့ပေသည်။ အတ္တ၊ ပရမ္မတသော၊ အဖိုးတန်သော၊ သာယာငြိမ်းချမ်းသောဘဝတစ်ခုကို တည်ထောင်နိုင်ပေမည်။ အောင်မြင်ကြီးပွားရန်မှာမူ အဆင့်ဆင့်ဖြည့်ကျင့်ကြိုးကုတ် ဆောင်ရွက်နိုင်ရန် နည်းလမ်းတို့ရှိပါပေသည်။

အောင်မြင်ကြီးပွားကြောင်းတရား၏ အခြေခံရင်းမြစ်ကို NSSA Competency Basic ၌ အချက်သုံးချက်ဖြင့် ဖော်ပြထားပေသည်။ စသည်တို့မှာ လုပ်ငန်းကို ကျွမ်းကျင်ခြင်း၊ အထွေထွေသုတရှိခြင်းနှင့် စိတ်ကောင်းရှိခြင်းတို့ဖြစ်ပါသည်။ အောင်မြင်ကြီးပွားရေးတို့၏ အဓိကသော့ချက်မှာ မိမိလုပ်သောလုပ်ငန်းကို အသေးစိတ် နံ့နံ့စပ်စပ် အသေချာ ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်ခြင်း၊ လူ့လောက၌ နေထိုင်ကြပါ၍ လူမှုဆက်ဆံရေး၊ ကာလဒေသတို့ ရွေးချယ်တတ်ခြင်းနှင့် အရောင်းအဝယ် ကုန်စည်စီးဆင်းမှု အစရှိသောအရာများကို သိသောအထွေထွေသုတရှိခြင်း၊ တစ်ခါစားတစ်နပ်စားဉာဏ် မကျင့်သုံးပါဘဲ အကျင့်သိက္ခာရှိရှိ ရောင်းဝယ်ဖောက်ကားကာ သူတစ်ပါးအပေါ်၌ စိတ်ကောင်းရှိခြင်းဟူ၍ အချက်သုံးချက်သာလိုအပ်ပါသည်။ ထိုသုံးချက်နှင့် လုပ်ငန်းလုပ်ပါလျှင် အောင်မြင်ခြင်းသည် သင့်လက်တစ်ကမ်းမှာရှိသည် ဆိုသကဲ့သို့ အောင်မြင်မှု အဖူးအပွင့်သင်းရနံ့တို့ မွှေးပျံ့ပါပေမည်။

**လိုက်မရောင်းနဲ့ လာဝယ်အောင်လုပ်**

"လိုက်မရောင်းနဲ့ လာဝယ်အောင်လုပ်" ထိုစကားလုံးကို ကြားပြီးချိန်မှစ၍ အဖန်ဖန်သုံးသပ်ဆင်ခြင်ရလိမ့်မည်။ ဘဝ၏ အခက်ခဲဆုံးကာလများ သစ်မရှိခင်စပ်ကြား ဝါးနှင့် ပေါင်းကွပ်သောကာလများ၌ လိုက်၍ရောင်းချခြင်းသည်အခက်အခဲတချို့အား ဖြေရှင်းနိုင်ပါသည်။ ဥပမာအားဖြင့် ကောက်ညှင်းပေါင်း၊ ရေခဲချောင်း၊ အချဉ်ပေါင်းအစရှိသည်တို့အား ရပ်ကွက်အတွင်း လှည့်လည်ရောင်းချခြင်းတို့သည် သာမန်အားဖြင့်ကြည့်ပါမူ အရင်းနည်း၍ အမြတ်များသည်ဟုဆိုနိုင်သော်လည်း နေပူမိုးရွာ ကာလရှည်ရောင်းသောအခါ ပင်ပန်းနိုင်ပေ၏။ ထို့ကြောင့် နေပူမိုးလုံသော မိမိ၏ ဆိုင်ခန်းတို့နှင့် ဝယ်သူတို့အား လာရောက်ဝယ်ယူနိုင်အောင် ဖန်တီးတည်ဆောက်အကောင်ထည်ဖော်ရမည်။ သို့မှသာ မိမိသည်လည်း ပင်ပန်းမှုသက်သာကာ လာဝယ်အောင်လုပ်နိုင်၍ စွမ်းဆောင်ရည် တိုးမြင့်ပေ၏။

**ငွေရှာနည်း သုံးမျိုးရှိရာတွင် ကာယနှင့် ကျွမ်းကျင်မှုကို ရင်း၍ ရှာနည်း၊ စနစ်တစ်ခု တည်ဆောက်၍ရှာနည်း၊ ငွေကြေးကိုရင်း၍ ရှာနည်းဟူ၍ဖြစ်**

အသက်မွေးမှု အတတ်ပညာ တစ်ခုခုနှင့် ဘဝလမ်းခရီးအား ထိန်းကျောင်းမောင်းနှင်မှသာ မိမိသည် အောက်ကျ နောက်ကျမှုမဖြစ်ပါဘဲ လူနေမှုအဆင့်အတန်း မြင့်မားပါပေ၏။ ပျံကျဈေးသည်၊ တွန်းလှည်းဈေးသည်တို့ကဲ့သို့ မိုးလေကြောက်ခြင်းနှင့် အမျိုးမျိုးသော ဒုက္ခတို့ မရှိရလေအောင် အတည်တကျ ပိုင်ပိုင်နိုင်နိုင် လုပ်ကိုင်နိုင်ရန် တည်ထောင်ကြရမည်။ ထိုအခါ မိမိ၏အသက်ဘေးအန္တရာယ်တို့ လျော့ပါးကာ မိမိ၏ ကျန်းမာရေးအတွက်လည်း ကာကွယ်ပြီးသားဖြစ်ပေသည်။ လူ့ဘဝရောက်ရှိလာခြင်းသည် ဘေးအန္တရာယ်ကင်းကာ ကျန်းမာသက်ရှည်ရမည်ဖြစ်ပါ၍ မိမိ၏ ထုတ်ကုန်တို့အား လိုက်မရောင်းပါဘဲ လာဝယ်အောင် ပြုလုပ်ဖန်တီးနိုင်ပါလျှင် ပိုမိုကောင်းမွန်ပေမည်။

**ငွေရှာနည်း သုံးမျိုး**

ငွေရှာနည်းသုံးမျိုးရှိရာတွင် ကာယနှင့် ကျွမ်းကျင်မှုကိုရင်း၍ ရှာနည်း၊ စနစ်တစ်ခု တည်ဆောက်၍ ရှာနည်း၊ ငွေကြေးကိုရင်း၍ ရှာနည်းဟူ၍ ဖြစ်ပေသည်။ မိမိသည် မည်သည့်ဘက် မည်သည့်အခြေနေတွင်ရှိသည်ကို ချိန်ဆုံးသုံးသပ်လျက် မိမိစွမ်းဆောင်နိုင်သော အခြေနေမှစ၍ ပြုလုပ်ဆောင်ရွက်သင့်လှပါသည်။ မိမိနားမလည်သော မတတ်ကျွမ်းသောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမိပါမူ အရှုံးတို့နှင့်ရင်ဆိုင်ရနိုင်ပါ၍ ငွေရှာရာ၌ အသိဉာဏ်ပညာကို အသုံးပြုလျက် စီးပွားရေးအတွက် လိမ္မာပါးနပ်စွာ ပြုလုပ်ဆောင်ရွက်သင့်သည်။

ကောင်းရောင်းကောင်းဝယ်အလုပ်နှင့် ဝင်ငွေရှာဖွေကာ မိမိ၏ကိုယ်ရည်ကိုယ်သွေးတို့ မြှင့်တင်နိုင်သည်။

**မြတ်ဗုဒ္ဓ၏ပျက်စီးကြောင်းတရားလေးပါးနှင့် ကြီးပွားကြောင်းတရားလေးပါး**

လူသားအားလုံးအတွက် ရှင်တော်ဗုဒ္ဓသည် လောကုတ္တရာ မြတ်နိဗ္ဗာန်အထိရောက်အောင် ဟောညွှန်သကဲ့သို့လောကီကြီးပွားအောင်မြင်ကြောင်းနှင့် ပျက်စီးကြောင်း၊ ဆောင်ရန် ရှောင်ရန်တို့ကိုလည်း နှုတ်မြွက်ဆိုဆုံးမခဲ့ပါပေ၏။ ဥပမာအားဖြင့် ပျက်စီးကြောင်းတရားလေးပါးကို ဟောညွှန်ရာ၌ အတိုချုပ်အားဖြင့် "ပျက်လျှင်မပြင်၊ ပျောက်ရင်မရှာ၊ ဗလာဖွာသုံး၊ ဉာဏ်တုံးသူအားအမှူးထား၊ လေးပါးပျက်စီးကြောင်း"ဟုဆို၏။

ဓမ္မနှင့်အညီ စိတ်ကောင်းစေတနာကောင်းနှင့် ဘဝကိုအဓိပ္ပာယ်ရှိရှိ ဖြတ်သန်းရာ၌ ကြီးပွားရေးတရားလမ်းစ၊ အောင်မြင်ရေးလမ်းကြောင်းဖြစ်သော သမ္ပဒါလေးရပ်ကိုလည်း ဟောထုတ်ခဲ့သည်။ ဥဋ္ဌာနသမ္ပဒါ၊ အာရက္ခသမ္ပဒါ၊ သမဇီဝိတသမ္ပဒါ၊ ကလျာဏမိတ္တသမ္ပဒါဟူသော သမ္ပဒါလေးရပ်တို့ဖြစ်ပေသည်။ ထိုလေးရပ်နှင့်အညီ ကျင့်သုံးနေထိုင်ရှင်သန်ပါမူ ဘဝတွင်အောင်မြင်မှုသုခ ခံစားရပေသည်။ ထိုလေးရပ်ကို အလွယ်အားဖြင့် "ရအောင်ရှာ၊ လုံအောင်ထိန်း၊ မျှအောင်သုံး၊ မိတ်ဆွေကောင်းနှင့်ပေါင်း"ဟူသော သမ္ပဒါလေးရပ် စာစုနှင့်အညီ ကြိုးစားဖို့လိုပေသည်။ ဘဝလမ်းခရီး၌လည်း ထကြွလုံ့လ ဝီရိယနှင့်အားထုတ်ရပေမည်။ သို့မှသာ စီးပွားလူမှုအစုစုနှင့် လောကုတ်လောကီအတွက် ကောင်းသောအကျိုးရလဒ်များ ဖြစ်ထွန်းမည်။ ဘဝလမ်း၌ အလှပန်းတို့ဆင်မြန်း နိုင်ပေမည်။

**လုံ့လနှင့် ကြိုးစားဆောင်ရွက်**

မိမိတို့တွင် အခြေခံပညာရေးနည်းပါးမှုနှင့် တက္ကသိုလ်ပညာရေးတို့ နည်းပါးခဲ့ကြသော်လည်း ဘဝကျောင်း၏ စီးပွားရေးပညာကို ဂုဏ်ထူးဂုဏ်ဒြပ်တို့နှင့် အောင်မြင်မှုသရဖူဆောင်းနိုင်ရန် ကြိုးကုတ်ကြရမည်။ စီးပွားရေးလမ်းကြောင်း အဆင်ပြေချောမွေ့ရန် စာအုပ်စာပေတို့အား အဖော်ပြုလျက် လေ့လာသင်ယူရမည်။ တတ်ချင်လျှင်သင်၊ တော်ချင်လျှင်လေ့ကျင့်၊ အောင်မြင်ချင်လျှင်ကြိုးစားဟု အဆိုရှိပေ၏။ မိမိသည် တတ်သူဖြစ်အောင် သင်ယူကြရင်း၊ တော်သူဖြစ်အောင်လေ့ကျင့်ကြရင်း အောင်မြင်သူဖြစ်အောင် စွမ်းဆောင်ကြိုးစားရပေမည်။ တကယ်အလုပ်လုပ်လျှင် အဟုတ်ဖြစ်ပါ၍ အပတ်တကုတ် လုံ့လဝီရိယအားဖြင့် ကြိုးစားရှာဖွေပါလျှင် အောင်မြင်သောလုပ်ငန်းရှင်၊ အောင်မြင်သောစီးပွားရေးတို့ ဖြစ်ထွန်းပေလိမ့်မည်။ ။

---

## မျိုးဆက်သစ်တို့ တာဝန်

☆ မြန်ပြည်ထောင် တိုးတက်ဖို့
မျိုးဆက်တို့ တာဝန်ပါ။
ပညာတွေကို သင်ယူလျက်
ရှေ့ဆက်ကြကာ ။

☆ ကိုယ့်နေရပ် ကိုယ့်ပြည်ရွာ
သာယာအောင် ဖန်တီးပေး။
ဇာတိဂုဏ် မညှိုးနွမ်းအောင်
ကြိုပမ်းစို့လေး။

☆ အမှားအမှန် ဝေဖန်တွေးလို့
နိုးကြားမနှေး ထာဝစဉ်။
အချိန်တွေကို တန်ဖိုးထား
တိုးပွားမည်ပင်။

☆ ဖွဲ့သတ္တိ ဉာဏ်ကိုယှဉ်
အမှန်ကိုမြင် ရှေ့ဆက်လှမ်း။
ပျော်ရွှင်စွာ အားခွန်သစ်နဲ့
ထုဆစ်အောင်ပန်း။

☆ အခက်ခဲကြုံ မညည်းစတမ်း
နည်းလမ်းတို့ ရှာဖွေကြုံ။
ဘဝမှာ တန်ခိုးထွားဖို့
ရိုးသားရှင်သန်။

☆ ခိုင်မြဲသော စိတ်သန္တာန်
အဓိဋ္ဌာန် ဆောက်တည်ရင်း။
ကိုယ့်ပြည်ရွာ ဘေးမသန်းလို့
အေးချမ်းစေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# ပြည်တောင်တန်းတောရကျောင်းများဆန်လှူအသင်းက (၄၃) ကြိမ်မြောက် ဆွမ်းဆန်တော်လောင်းလှူပွဲအခမ်းအနား ကျင်းပ

ပြည် အောက်တိုဘာ ၁၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်မြို့ ရှေးဟောင်းသမိုင်းဝင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးရှိ ပုညကရဏ လေးထပ်ဓမ္မာရုံတော်ကြီး၌ ကျင်းပသော ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းက (၄၃) ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲ အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ ပြည်မြို့ ရတနာမာရ်အောင် တောရကျောင်းတိုက် ဦးစီးပဓာနနာယက ပြည်တောင်တန်းတောရကျောင်းများ ဆန်လှူအသင်းကြီး၏ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး ပြည်ဆန်လှူရှင်အသင်းကြီး၏ ဥက္ကဋ္ဌ ဦးသန်းစိုးက သာသနာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုကို လျှောက်ထားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် ဒေသကွပ်ကဲရေးမှူးနှင့် တာဝန်ရှိသူများက ဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

**နဝကမ္မအလှူငွေများ လောင်းလှူ**

ဆက်လက်၍ ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲနှင့် နဝကမ္မအလှူငွေများ လောင်းလှူပူဇော်သည်။

ပြည်မြို့နယ်အတွင်းရှိ တောရဘုန်းတော်ကြီးကျောင်း ၃၅၇ ကျောင်းတွင် သီတင်းသုံးနေသော ရဟန်း ၁၀၇၅ ပါး၊ သာမဏေ ၂၀၅ ပါး၊ သီလရှင် ၆၃၁ ပါး (စုစုပေါင်း ၁၁၉၁ ပါး)အတွက် တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ပြည်)၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက စုပေါင်း၍ ဆွမ်းဆန်တော် ၁၃၂၈ အိတ်၊ ဆီပိဿာ ၃၆၂၀၊ ပဲနှင့် ဆား စုစုပေါင်းလှူဒါန်းမှု တန်ဖိုးငွေ ၁၄၁၅၄၂၂၆၃ ကျပ်ကို ဆက်ကပ်လောင်းလှူပူဇော်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ငဖဲမြို့၌ (၉၅) ကြိမ်မြောက် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

ငဖဲ အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ သီတင်းကျွတ်လဆန်း ၁၀ ရက်တွင် နှစ်စဉ်ကျင်းပဆောင်ရွက်မြဲဖြစ်သော ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက် ၈ နာရီတွင် မြို့မရပ်ကွက် မြို့ဦးဘုန်းတော်ကြီးကျောင်း၌ ဆရာတော်၊ သံဃာတော်များ စုရပ်ပြုလုပ်၍ အဆိုပါကျောင်းရှေ့မှ ဓာတ်တော်ဓမ္မာရုံအထိ မြို့လယ်လမ်းမတစ်လျှောက် စည်ကားသိုက်မြိုက်စွာလောင်းလှူကြသည်။

အဆိုပါဆွမ်းတော်ကြီးလောင်းလှူပွဲသို့ မြတ်စွာဘုရားအမှူးပြု၍ ဆရာတော်၊ သံဃာတော်နှင့် ရှင်သာမဏေ ၁၉၅ ပါး ကြွရောက်တော်မူပြီး ငဖဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မိသားစုဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ စေတနာရှင်၊ အလှူရှင်များက ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့်ဝတ္ထုငွေများကို လောင်းလှူခဲ့ကြပြီး လှူဒါန်းမှုအစုစုကို ဓာတ်တော်ဓမ္မာရုံတွင် တရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ **မယု(ငဖဲ)**



# မိတ္ထီလာမြို့ ဓမ္မသုခရွှေစည်းခုံစေတီတော်၌ ဒသမအကြိမ်မြောက် သီတင်းကျွတ်လ ဆီမီးတစ်ထောင် ပူဇော်ပွဲ ကျင်းပမည်

မိတ္ထီလာ အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာမြောက်ကန်ကန်ဦးကန်ထိပ်တွင် တည်ထားကိုးကွယ်သော ဓမ္မသုခရွှေစည်းခုံစေတီတော်တွင် ဒသမအကြိမ်မြောက် သီတင်းကျွတ်လ ဆီမီးတစ်ထောင် ထွန်းညှိပူဇော်ပွဲကို သုံးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မိတ္ထီလာမြို့ ဓမ္မသုခရွှေစည်းခုံစေတီတော်ကို ၂၀၁၅ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ပြီး နှစ်စဉ်သီတင်းကျွတ်လ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကို ဒသမအကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း၊ သီတင်းကျွတ်လဆန်း ၁၄ ရက် (အောက်တိုဘာ ၁၆ ရက်)မှ စတင်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၁၈ ရက်)အထိ ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဇော်မိုးက ပြောသည်။

အဆိုပါ ဓမ္မသုခရွှေစည်းခုံစေတီတော်တွင် ကျင်းပမည့် ဆီမီးတစ်ထောင်ထွန်းညှိပူဇော်ခြင်းအတွက် ကုန်ကျငွေများကို နေ့ရက်အလိုက် အလှူရှင်သုံးဦးက လှူဒါန်းခြင်းဖြစ်ကာ နေ့စဉ် ညနေ ၆ နာရီတွင် ဆီမီးထွန်းညှိပူဇော်ပွဲကို စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

# မင်းလှမြို့နယ်၌ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၈ ဦးအား ထောက်ပံ့ငွေပေးအပ်



အထက်မင်းလှ အောက်တိုဘာ ၁၂

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများက ရပ်ကွက်/ ကျေးရွာများရှိ ဘိုးဘွားများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ငွေများပေးအပ်ရာတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွား ၁၈ ဦးအား တစ်ဦးလျှင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထောက်ပံ့သည့် ငွေကျပ် ၅၀၀၀၀ နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ထောက်ပံ့သည့် ငွေကျပ် ၁၀၀၀၀ (စုစုပေါင်း ငွေကျပ် ၆၀၀၀၀ နှုန်း)ဖြင့် သက်ကြီးဘိုးဘွား ၁၈ ဦးအတွက် စုစုပေါင်းထောက်ပံ့လှူဒါန်းငွေကျပ် ၁၀၈၀၀၀၀ ကို အဘိုးအဘွားများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**

# အိမ်မဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ ကျင်းပ

အိမ်မဲ အောက်တိုဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ၊ ဉာဏ်ရည်မြှင့်ပြိုင်ပွဲများ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်များပြပွဲကို ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ဦးစွာ အိမ်မဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးလှိုင်က စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်ပြီး ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ပန်းချီဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပရာ အမက-မြို့မ (၂) မှ ကျောင်းသားကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား အမှတ်တရ လက်ဆောင်များပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင်ပြပွဲနှင့် အသိပညာပေးနံရံကပ်စာစောင်များကို ပြသထားရှိရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြု ဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိစာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ပညာရောင်ခြည်ကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပညာရောင်ခြည်ကျောင်းတိုက်ကြီးရှိ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းတိုက်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပညာရောင်ခြည်ကျောင်းတိုက် ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲများကို ဆက်ကပ်လှူဒါန်းကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ မြို့သစ်ရပ်ကွက်ရှိ ဗန္ဓုလဈေး၌ အလျား ၂၇၉ ပေ၊ အနံ ၂၄ ပေ၊ အာရ်စီနှစ်ထပ် ဈေးရုံအဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာဖြင့် သတ်မှတ်ကာလတွင် တည်ဆောက်ပြီးစီးရေး၊ တည်ဆောက်ရေးလုပ်ငန်းများပြီးစီးပါက ဈေးဆိုင်ခန်းများကို စနစ်တကျခွဲဝေချထားပေးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားကာ ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဟိုပုံးမြို့ရှိ ထမ်းစမ်းသဘာဝလိုဏ်ဂူတော်၌ သန့်ရှင်းရေးဆောင်ရွက်

**ဟိုပုံး အောက်တိုဘာ ၁၂**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ရှိ ထမ်းစမ်းသဘာဝ လိုဏ်ဂူတော်အတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို ဟိုပုံးတပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ ဒေသ/မြို့နယ် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ယနေ့နံနက် ၉ နာရီတွင် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ဖယ်ရှားရှင်းလင်း**

ဟိုပုံးမြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်ရှိ ထမ်းစမ်းသဘာဝ လိုဏ်ဂူတော်အတွင်း တောင်ကျချောင်းရေ ဝင်ရောက်ခဲ့ပြီး ယခုအခါ လိုဏ်ဂူတော်အတွင်း ရေများပြန်လည်ကျဆင်းသွားပြီဖြစ်၍ တင်ကျန်ခဲ့သည့် ရွှံ့၊ နွံများ ဖယ်ရှားရှင်းလင်းခြင်း၊ ရေနစ်မြုပ်ခဲ့သည့် ဆင်းတုတော်များအား သန့်ရှင်းရေးပြုလုပ်၍ ရေသပ္ပာယ်ခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ရာ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ဟိုပုံးတပ်နယ်မှူး ဗိုလ်မှူးချုပ် သိန်းနိုင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**





# ရွှေဘိုမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူ

**ရွှေဘို အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ရပ်ကွက်(၁၀)၌ ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ဆောင်ရွက်ပေး**

သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာများ တိကျမှန်ကန်မှုရှိစေရန်အတွက် စာရင်းစစ်၊ စာရင်းကောက်များက CAPI နည်းပညာဖြင့် မိုဘိုင်း Tablet အသုံးပြုပြီး တစ်အိမ်တက်ဆင်း ကွင်းဆင်းကောက်ယူနေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်/မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို စာရင်းစစ်၊ စာရင်းကောက် ၆၁ ဦးဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ယနေ့နံနက် ၇ နာရီတွင် အမှတ်(၁၀)ရပ်ကွက် ဗဟိုစည်အိမ်ရာဝင်းအတွင်း၌ ဆက်လက်ကောက်ယူလျက်ရှိကြောင်း သိရသည်။

လမ်းမတော်မြို့နယ်၌ သန်းခေါင်စာရင်းကို တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိရာ အောက်တိုဘာ ၁ ရက်မှစ၍ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက ရပ်ကွက်အလိုက် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာကောက်ကွက်များအလိုက် ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**





# မင်းဘူးမြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများ ဆက်လက်ကောက်ယူ

**မင်းဘူး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့များက ကွင်းဆင်းကြည့်ရှု အားပေးကြသည်။

အဆိုပါ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့များက သက်ဆိုင်ရာကောက်ကွက်များရှိ မိသားစုဝင်များ၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား Mobile Tablet များ အသုံးပြု၍ သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများ မေးမြန်းကောက်ယူနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ပြန်လည်ဖြေဆိုနေမှုများကို မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအောင်မြင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးကာ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများနှင့် အရန်မီးသတ်တပ်ဖွဲ့တို့က ပူးပေါင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ရပ်ကွက် ခုနစ်ခု၊ ကျေးရွာအုပ်စု ၆၇ အုပ်စုရှိ၍ ကောက်ကွက်ပေါင်း ၄၁၈ ကွက်တွင် စာရင်းစစ်၊ စာရင်းကောက် ၁၄၉ ဦးဖြင့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်အထိ ကောက်ကွက် ၃၁၃ ကွက်တွင် အိမ်ထောင်စု ၃၅၄၄၈ စု ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ ကျင်းပ

မကွေး အောက်တိုဘာ ၁၂

နေပြည်တော်တွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲကို ယမန်နေ့ညနေပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဝါသနာရှင်ပထမတန်းအဆင့် မစုမြတ်နိုးက မြစ်ကြီးရောဝတီတေးသီချင်းဖြင့် ဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

**တိုင်းဒေသကြီး၏ဂုဏ်ကိုဆောင်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ပြိုင်ပွဲဝင် ၁၅၉ ဦးနှင့် ပံ့ပိုးတီးခတ်ပေးသူ ၂၄ ဦး (စုစုပေါင်း ၁၈၃ ဦး) ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ ငွေရတုအထိမ်းအမှတ် ပြိုင်ပွဲဝင်ကြမည့် ပြိုင်ပွဲဝင်များအနေဖြင့် မိမိယှဉ်ပြိုင်ရမည့် ဘာသာရပ်များကို အနိုင်ရမည်ဆိုသည့် ရည်မှန်းချက်ဖြင့် ယှဉ်ပြိုင်ကြမည်ဟု ယုံကြည်ကြောင်းနှင့် တိုင်းဒေသကြီး၏ဂုဏ်ကို ဆောင်နိုင်ရန်လည်း ကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် အောင်ပန်းဆင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကို လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်ထံသို့လည်းကောင်း၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့်ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူ/နည်းပြများအတွက် ထောက်ပံ့ငွေကို တိုင်းဒေသကြီး ဥပဒေချုပ်ထံသို့လည်းကောင်း ပေးအပ်သည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်များက မယ်ဒလင်၊ တစ်ပင်တိုင်အက၊ ရုပ်သေးကြိုးဆွဲအက၊ မဟာဇနကဇာတ်တော်ကြီး၊ ကဗျာလွတ်အက၊ တယော၊ စန္ဒရား၊ ကွက်စိပ်အပြင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်တွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုအဖွဲ့အား မကွေးမြသလွန်ဘုရား၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

မောင်ညီညာ

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

### ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ကော့ကျိုက်(ဖအွံ့)ကျေးရွာအုပ်စု၌ အောင်သုခစာကြည့်တိုက်သစ် ဖွင့်လှစ်

**ဘားအံ အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကျိုက်(ဖအွံ့)ကျေးရွာအုပ်စု၌ အောင်သုခစာကြည့်တိုက်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်သစ်တည်နေရာ၌ ကျင်းပသည်။



အဆိုပါ စာကြည့်တိုက်သစ်ကို မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်လှူဒါန်းငွေကျပ်သိန်း ၂၀ စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၁၇၀ ဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့အချိန်တွင် စာကြည့်တိုက်များနှင့်စာအုပ်စာပေများသည် မိမိတို့လက်လှမ်းမီသော နေရာများတွင် တည်ရှိနေပြီး လွယ်လင့်တကူလေ့လာဖတ်ရှုနိုင်ကြောင်း၊ စာကြည့်တိုက်များသည် လူတန်းစားမရွေး၊ အသက်ကြီးငယ်မရွေး၊ လူမျိုးဘာသာမခွဲခြားဘဲ ဗဟုသုတရှာမှီးရာ နေရာတစ်ခုဖြစ်သည့်အတွက် စာကြည့်တိုက်မှ စာအုပ်စာပေများကိုဖတ်ရှုပြီး ဘဝတိုးတက်အောင်မြင်အောင်၊ မိမိတို့၏အနာဂတ် မျိုးဆက်သစ်လူငယ်များကိုလည်း အစဉ်အမြဲစာပေဖတ်ရှုလေ့လာနိုင်အောင်၊ စာဖတ်များအောင်တိုက်တွန်းကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စေတနာရှင် အလှူရှင်များက ပြည်နယ်ဝန်ကြီးချုပ်ထံ အောင်သုခစာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၃၀ ကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကရင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက လူမှုရေးဝန်ကြီးထံ အောင်သုခစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကိုပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက (၂၀ x ၁၉) အာရ်စီတစ်ထပ် အဆောက်အအုံနှင့် သုတ၊ ရသ စာအုပ်စာစောင်ပေါင်း ၅၅၀ ခန့်ရှိ အောင်သုခစာကြည့်တိုက်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အဆောက်အအုံကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**အုတ်တွင်း အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဆောင်းပါးရှင် အေးအေးနွဲ့ (မြန်မာစာ) ရေးသားသည့် "ကောင်းသောစိတ်ဖြင့်သာ" ခေါင်းစဉ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။




**အပြန်အလှန် ဆွေးနွေး**

အဆိုပါစာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စာဖတ်ဝိုင်းကျင်းပပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့ဥက္ကဋ္ဌ စာရေးဆရာ ဦးခင်မောင်ချို(ကညွတ်ကွင်း)က ဆွေးနွေးပြောကြားပြီး စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာပေဝါသနာရှင်များ၊ ကျောင်းသား ကျောင်းသူများက အချင်းချင်း အပြန်အလှန်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်ပြပွဲနှင့် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်**

## မုံရွာခရိုင်၌ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း အကြိမ်(၉၀) မြောက် စာဖတ်ဝိုင်းကျင်းပ

**မုံရွာ အောက်တိုဘာ ၁၂**

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာရေးသူ ခင်စောတင့် ရေးသားသည့် "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်နှင့်အတူ စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) မြို့နယ် စာရေးဆရာများဖြင့် အကြိမ်(၉၀) မြောက် စာဖတ်ဝိုင်းကို အောက်တိုဘာ ၁၂ ရက် နံနက် ၉ နာရီက မုံရွာခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ မုံရွာမြို့နယ် စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်လွင် (မောင်စိန်လွင်- မင်းကင်း) က အဖွင့်အမှာစကားပြောကြားပြီး မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက စာဖတ်ရှိန်မြင့်မားရေး၊ စာဖတ်ဝိုင်းကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) အဖွဲ့ဝင်များနှင့်အတူ "စွန့်စားမှုဆီသို့ ခြေတစ်လှမ်းနှင့် အတွေးအမြင်စာစုများ" စာအုပ်ပါ ဆောင်းပါးများမှ နှစ်သက်ရာ ခေါင်းစဉ်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**


## အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် အောက်တိုဘာ ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပဉ္စမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၁၄.၁၀.၂၀၂၄ ရက်မှ ၂၂.၁၁.၂၀၂၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း) ၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# မြင်းခြံမြို့ ဆန္ဒတော်ပြည့်စေတီ လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်နိုင်ရန် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်း

မြင်းခြံ အောက်တိုဘာ ၁၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ကျက်သရေဆောင် ဆန္ဒတော်ပြည့်စေတီ လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ပထမအကြိမ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၇ နာရီက မင်းကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် မင်းကျောင်းတိုက် ဆရာတော် ဦးဉာဏဓဇထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်က လုံးတော်ပြည့် ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် အလှူငွေရရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆန္ဒတော်ပြည့်စေတီ လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်နိုင်ရန် ပထမအကြိမ်အဖြစ် အလှူငွေကျပ် ၂၂၇၃၀၀၀၀ ကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ကျော်စွာ(မြင်းခြံ)

# တောင်ဥက္ကလာပမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း ဒေသကြီး တောင်ဥက္ကလာပ မြို့နယ်၌ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်ရေးနှင့် ပိုးလောက်လမ်း ပေါက်ပွားမှုမှ ကာကွယ်နိုင်ရန် ယနေ့နံနက် ၇ နာရီက အမှတ်(၇) ရပ်ကွက် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။



အဆိုပါ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာ ဝန်ထမ်းများ၊ ပြည်သူ့ ကျန်းမာရေးဌာန ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူပြီးစီး

ကျွန်းလှ အောက်တိုဘာ ၁၂

စစ်ကိုင်းတိုင်း ဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက ကောက်ယူပြီးစီးကြောင်း မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ သိရသည်။

ကျွန်းလှမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်မှ စတင်၍ စာရင်းကောက်၊ စာရင်းစစ် ၂၇ ဦးတို့က CAPI နည်းပညာဖြင့် Tablet အသုံးပြုပြီး ရပ်ကွက်လေးရပ်ကွက်နှင့် ကျေးရွာ ၂၅ ရွာ၊ စာရင်းကောက်ကွက် ၅၈ ကွက်ရှိ အိမ်ထောင်စု ၅၆၈၅ စုကို အဖွဲ့ ၇၇ ဖွဲ့က အမျိုးသား ၉၃၀၃ ဦး၊ အမျိုးသမီး ၁၂၁၀၉ ဦး စုစုပေါင်း ၂၁၄၁၂ ဦးအား ကောက်ယူနိုင်ခဲ့သည်။



အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်းများကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားစို့

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန

- စားသုံးဆီများတွင် အခြေခံအားဖြင့် ကျန်းမာရေးအရ သင့်တင့်စွာ စားသုံးနိုင်သည့် မပြည့်ဝဆီများ (Unsaturated)၊ တတ်နိုင်သမျှလျော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ (Saturated Fats) နှင့် လုံးဝမစား သုံးသင့်သော အသွင်ပြောင်းဆီများ (Trans Fats) ဟူ၍ (၃)မျိုးရှိပါသည်။
- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ် (HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျော့ချပေးခြင်းဖြင့် နှလုံးရောဂါ နှင့် အမျိုးအစား(၂)ဆီးချိုရောဂါစသည့် မကူးစက်နိုင်သည့်ရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့နည်းစေပါ သည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ် (LDL) များ လွန်ကဲစွာ မြင့်တက် စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍ သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။ (ဥပမာ - စားအုန်းဆီ၊ ဆီကြော်အစား အစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)







- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာ ဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်စီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသော ဆီများတွင် ပါဝင်သည်။
- ➤ အသင့်စားအစားအစာများဖြစ်သည့် အားလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများတွင် ပါဝင်သည့်ဆီဖြစ်သည်။
- ➤ ဆိုးကျိုးများမှာ - သွေးတွင်းမကောင်းသောအဆီ (Trigiycerides) များပိုမို မြင့်တက် စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကို ကျစေခြင်း၊ အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်းရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါနှင့် အချို့သော ကင်ဆာရောဂါများ ဖြစ်နိုင်ခြေမြင့်မားစေခြင်းတို့ ဖြစ်စေနိုင်သည်။



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စားပါ၊ မပြည့်ဝဆီသင့်တင့်စွာစားပါ၊ အသွင်ပြောင်းဆီပါဝင်နိုင်သည့် အစားအစာများ စားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ပါ၊**

(မေလ၊ ၂၀၂၄)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

### ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄.ဝေဘာဂီ)၊ မြို့ပတ်လမ်း၊ အမှတ်(၁၃၄/ခ)၊ မြေအကျယ်ပေ(၃၀x၅၀)ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်နှင်းကြိုင် [၁၂/မဂဒ(နိုင်)၀၁၇၁၁၉]မှ နှစ်(၆၀)မြေငှားဂရန်၏ အမည်ပေါက်လျက် ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမှမရှိကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးအောင်မျိုးသိန်း [၁/မညန(နိုင်)၀၇၉၁၂၄] မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၀)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်မျိုးသိန်း၏ ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၅၄၀၇၂၂၉**

### သွေးသည် အသက်

### ဒေါ်မေဖြိုးဝင်းနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၁၂၂/ခ)၊ ဧရိယာ(၂၀'x၆၀') ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ၇/အရှေ့ရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၁၂၂/ခ)ဟုခေါ်တွင်သော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးကို အမည်ပေါက် ဒေါ်ခင်မိုးမြင့်ထံမှ မိခင်ဒေါ်မြင့်မြင့်ဝင်း[၆/မအရ(နိုင်)၀၃၁၁၂၇]က တစ်အိမ်တည်း အတူနေ သမီးဖြစ်သူ မမေဖြိုးဝင်း [၁၂/တမန(နိုင်)၁၀၈၈၅၈] အမည်(အမည်ငှား)ဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ (၉-၈-၂၀၂၄)ရက်စွဲပါ "မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်"အရ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားခဲ့ရာ တရားဝင်ပိုင်ရှင်အမှန်ဖြစ်သူ မိခင်ဒေါ်မြင့်မြင့်ဝင်း၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူကမျှမည်သည့်နည်းနှင့်မျှ လွှဲပြောင်းခွင့်မရှိကြောင်းနှင့် လွှဲပြောင်းလက်ခံမှုပြု လုပ်ပါက ပြုလုပ်သူများတွင်သာ တာဝန်ရှိလိမ့်မည်ဖြစ်ကြောင်း မမေဖြိုးဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့်(စဉ်-၃၄၁၉/၈၅)　　ဒေါ်အေးမြတ်သူ (စဉ်-၁၄၀၆၀/၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၅၈-ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**09-443035422,09-775387080**

### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးအထွက်၊ ပဲခူး၊ ရန်ကုန် လမ်းမအနီး
ကွန်ကရစ်လမ်းဘေး ၂၀'x၆၀' (၁၀၀)သိန်း
၄၀'x၆၀' (၂၀၀)သိန်း

**ဖုန်း–09–699282721,**
**09–674592926**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ ဖေယျာမြိုင်လမ်း၊ မြေကွက်အမှတ်(၁၀၇၄/က)၊ မြေဧရိယာ (၁၀×၆၀)ပေ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် **ဦးတင်မြင့် (CE-10911) (၁၂/ဒဂတ (နိုင်)၀၈၀၅၈၀)**အမည်ပေါက်ပြီး ဦးတင်မြင့်နှင့် ဒေါ်မြမြတို့၏ သမီးဖြစ်သူ **ဒေါ်စုစုဝေ (၁၂/ဒဂန(နိုင်)၀၁၇၉၀၁)** က အမွေဆက်ခံခြင်းအက်ဥပဒေအရ ဥပဒေနှင့်အညီတရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားပါသည်။

အထက်ဖော်ပြပါအမွေဆိုင်မြေကွက်နှင့်နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အားကျွန်ုပ်မိတ်ဆွေ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်းတို့ကို တစ်နည်း နည်းဖြင့်(လုံးဝ)မပြုလုပ်ရန်နှင့် အခြားသောကိစ္စအရပ်ရပ်အား ကျွန်ုပ်၏မိတ်ဆွေသိရှိခြင်းမရှိဘဲ ပြုလုပ်ပါက တရား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၉၂၇)
အမှတ်(၁၀၁)၊ပထမထပ်၊(၃၉)လမ်း၊ ကျောက်တံတားမြို့နယ်။၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၁၇၇၊

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မဆယ်ဆိပ်ကျေးရွာ၊ ကွင်းအမှတ်–၃၃၉D၊ ဆုံရှမ်းအရှေ့ကွင်း၊ ဦးပိုင်အမှတ် ၆၀/၁၊ ဥယျာဉ်မြေ ၄.၈၂ ဧကကို အမည်ပေါက်ပိုင်ဆိုင်ထားသော ဦးမြင့်သော် [၁၂/ရကန(နိုင်)၀၄၀၆၄၄] ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေများကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ဝင်း (B.A, R.L, D.E.S, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၇၅၀၈)**
**အမှတ်(၈၀)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၄၅၁၃၇၉၇၉၁၊ ၀၉–၂၅၄၅၀၇၇၀၀**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊(၂/တောင်)ရပ်ကွက်၊ မာန်ပြေ(၄)လမ်း၊ (၁၀၀၈/ခ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်မည့် (၁)ခန်းတွဲ (၆)ထပ်တိုက်၊ တိုက်ခန်းများထဲမှ ပဉ္စမထပ် (၆–လွှာ) (အလျား ၁၆ပေx အနံ ၅၄ပေ) အခန်းတစ်ခန်းနှင့် ရေမီး၊မီတာအပါအဝင် တိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင် အကျိုးခံစားခွင့် ရှိသူ ဦးဝင်းနိုင် [၁၂/ဥကမ(နိုင်)၂၆၃၀၁၁] (ဘုန်းပြည့်လျှံ ဆောက်လုပ်ရေးကုမ္ပဏီ) ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးရာဂျင်(ခ)ဦးကျော်မြင့်ဦး [၁၂/ဒလန(နိုင်) ၀၈၃၃၈၈]၊ ဒေါ်စူ(စ်)မာကူမာရီ [၁၂/ဗတထ(နိုင်) ၀၄၁၆၉၉]တို့က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့် ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၁၆၅၁)**
**အမှတ် (၁၁၇)၊ ၄–လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း–၀၉–၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၂)၊ မြေကွက်အမှတ် (၈၆၅)၊ မြေကွက်တည်နေရာအမှတ်(၈၆၅)၊ (၈၂)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးမောင်မောင်သန်း [၁၂/မဂဒ(နိုင်)၀၁၆၂၆၀] အမည်ပေါက် ပါမစ်မြေအား ပါမစ် အမည်ပေါက် ဦးမောင်မောင်သန်း [၁၂/မဂဒ(နိုင်)၀၁၆၂၆၀]ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးလင့် [၁၃/ လရန(နိုင်)၀၅၄၃၁၈]မှ ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ် စာရွက် တွင် အမည်ပေါက်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၌ မင်အနက်ဖြင့် ရေးသား ထားပြီး အိမ်ရာဆောက်လုပ်နေထိုင်ခွင့် စာရွက်တွင် ဦးစီးအရာရှိလက်မှတ်၌ Correction ပါရှိသည့် ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသည်။ လျှောက်ထားသူမှလည်း ဌာနဝင်စာ–၈၅၇၇/၂၀၂၂ (၈–၉–၂၀၂၂) ဖြင့် တင်ပြပါ မြေချပါမစ်နှင့်ပတ်သက်၍ ဝယ်ယူစဉ်ကတည်းက ပါဝင်ခဲ့ခြင်းဖြစ်ပြီး မြေချ ပါမစ်ရှိမြေကွက်အား လက်ရောက်ရရှိပိုင်ဆိုင်ကြောင်း၊ အဆိုပါ မြေချပါမစ်ရှိ အမည်ပေါက်၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်အား မင်အနက်ဖြင့် ရေးသား ထားခြင်း၊ အိမ်ရာဆောက်လုပ်ခွင့်စာရွက်တွင် ဦးစီးအရာရှိ၏ လက်မှတ်တွင် Correction များနှင့် ပတ်သက်၍ တာဝန်ယူပါကြောင်း ဝန်ခံကတိပြုတင်ပြ လာပါသဖြင့် ဒေါ်အေးလင့်မှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၂)လမ်း၊ အမှတ် (၁၂၆၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မြေကွက်အမှတ် (၁၂၆၈)၊ အကျယ်အဝန်း(အလျား၄၀ပေ x အနံ၆၀ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(ခြေရင်းခြမ်း) မြေကွက်အမှတ်(၁၂၆၉) နှင့် ကပ်လျက်ခြမ်း(အလျား၂၀ပေx အနံ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုး အစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်တင်နှောင်းရီ [၁၂/မဂဒ(နိုင်)၁၁၉၈၈၈]မှ ဂရန် အမည်ပေါက်ပိုင်ဆိုင်ပါသည်။ အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိ စာချုပ်ဖြင့် (၃၀–၄–၂၀၂၄)ရက်နေ့တွင် ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်နွေ့ မာမြင့် [၇/ဖမန(နိုင်)၁၀၁၂၈၆] မှ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း၊ ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီး အပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လို ပါက မြေကွက်နှင့် သက်ဆိုင်သည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်း မူရင်းများနှင့် အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၆၈)**
**အမှတ်–၁၂၉၇ /အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၁၄/၁)ရပ်ကွက်၊ သံသုမာလမ်း၊ မြင်သာအိမ်ရာ၊ တိုက်(C)၊ အခန်း(၁၀၂)၊ ပထမထပ်(ဘယ်)၊ အကျယ်အဝန်း(၁၂၀၀ စတုရန်းပေ) တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ ရေ မီးအပြည့်အစုံပါ လူနေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထား၍ ရောင်းပိုင်ခွင့်ရှိသည်ဟု ဆိုသော ဒေါ်သက်ဆုမြတ် [၁၁/သတန(နိုင်)၀၆၅၁၅၂] ထံမှကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင် ခွင့်ရှိသူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ကုမုဒြာ LL.B,D.B.L,D.I.L,I.D.C.S,EDFM**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၈၉၉)**
**ဖုန်း–၀၉–၄၂၀၀၉၉၆၅၆**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၃)လမ်း၊ အမှတ်(၂၉၄ ၁/၂)၊ ဦးကျော်လှ အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မူရင်းပါ မြေအကျယ်ပေ(၂၀x၆၀) ပေါ်တွင်ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်၏ ပထမထပ်တိုက်ခန်း+ (ဂရန်မူရင်း အပါအဝင်)မြေရှင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ဖွန်မေစိုး [၁၂/ တကန(နိုင်)၁၀၃၇၅၉] မှ ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးမောင်မောင်ထွေး [၁၂/ ကမတ(နိုင်)၀၅၅၈၈၅] +ဒေါ်ခိုင်ငယ်ထွေး [၁၂/ဥကမ (နိုင်)၀၁၂၀၁၄] တို့မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁၀) ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။**ဦးမောင်မောင်ထွေး+ဒေါ်ခိုင်ငယ်ထွေးတို့၏**

**ညွှန်ကြားချက်အရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊(၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉–၅၄၀၇၂၂၉**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံးတော်**
**၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ်–၇၈၄ နှင့် ဆက်နွှယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၀၄**

ဦးအောင်မြင့်ဦး နှင့် ဒေါ်ဝိုင်းအိစကက်
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီကွန်ဒို၊ (၅)လွှာ၊ အမှတ်– (5+1A)နေ တရားရှုံး ဒေါ်ဝိုင်းအိစကက်(ယခုနေရပ်လိပ်စာမသိသူ) သိစေ ရမည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၂၀ ပြည့်နှစ် တရားမပထမ အယူခံမှုအမှတ်–၃၉၂ တွင် ချရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည် ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်၊ (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၈ ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## "သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများဖြစ်ကြသော ဦးတင်ထွေး[၇/ပမန(နိုင်)၀၉၈၅၇၂]နှင့် ဒေါ်ကြည်သိန်း[၇/ပမန(နိုင်)၀၉၈၅၇၁]တို့၏ သမီးဖြစ်သူ မဝင်းဝင်းခိုင်[၇/ပမန(နိုင်)၁၁၅၁၈၁]ကိုင်ဆောင်သူသည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်အရှုပ်အရှင်း ကိစ္စများကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မဝင်းဝင်း ခိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်မြသင်းကြည် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၆၀၇၈)**
**အမှတ်–၂၁(ခ)၊ ဗိုလ်မှူးဗထူးလမ်း၊ ၁၅၆ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၀၄၀၇၆၁၆၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

